# ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ

## (အယ်လင်ဂျီပွိုက်)

- **ကောင်းကင်နိုင်ငံတော်၏ဥပဒေဖြစ်သော သူ့အကျိုးကို ပြုလိုသောသဘောနှင့်ရင်း၏အကြံအစည်**
- **ဘုရားသခင်၏အမှုတော်နှင့်ရင်းကိုထောက်ပံ့ခြင်း**

## မာတိကာ


၁။ ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်များ ----------- ၃
၂။ ကျွန်ုပ်တို့၏ကြွယ်ဝသောအကျိုးဆောင် ---------- ၁၂
၃။ ဘုရားသခင်သည် လူကိုအဘယ်ကြောင့်မိမိ၏ အလှူဝတ္ထုများကိုတစ်ဆင့်ပေးကမ်းစွန့်ကြဲရသူ အနေဖြင့်လုပ်ကိုင်စေသနည်း ----------------- ၁၉
၄။ ခရစ်တော်နှင့်စာတန်၏ကြား၌ ဆန့်ကျင်ဘက် ဖြစ်နေသည့်ကျင့်ဝတ်များ ------------------- ၂၉
၅။ ခရစ်တော်တည်ရှိသောစွန့်ကြဲပေးကမ်းခြင်း --------- ၃၇
၆။ လက်တွေ့တရားများဟောပြောခြင်း ------------- ၄၁
၇။ ဘုရားသခင်၏အမှုတော်ကိုဆက်လက်တည်ရှိထားခြင်း – ၄၆
၈။ အသင်းတော်၌စိတ်နှလုံးအပြည့်အဝ ခင်တွယ်လျက်ရှိခြင်း ---------------------- ၆၁
၉။ ပေးအပ်ခြင်းအသံ ------------------------ ၆၉
၁၀။ သာ၍ကြီးမားသောစိတ်အားထက်သန်မှုရှိရန်ခေါ်ခြင်း --- ၈၀
၁၁။ အိမ်များနှင့်ပစ္စည်းများကိုရောင်းချခြင်း ----------- ၉၅


(စွန့်ကြဲပေးကမ်းခြင်းအမှုတွင် အပြန်အလှန်အကျိုးသက်ရောက်စေသောကြောင့် ကောင်းချီးများဆတက်ထမ်းပိုးသက်ရောက်စေပါသည်။)

## (၁) ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်များ

"သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပူဇော်လော့၊ သို့ပြုလျှင် သင်၏စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သောစပျစ်ရည် လျှံလိမ့်မည်။" သု၊ ၃း၉၊၁၀။

"စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ရောက်တတ်သော သူလည်းရှိ၏။ စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကိုရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်း အကျိုးကိုခံရလိမ့်မည်။" သု၊ ၁၁း၂၄၊၂၅။

"စေတနာရှိသောသူမူကား၊ စေတနာနှင့်ဆိုင်သောအကြံ တို့ကို ကြံစည်တတ်၏။ စေတနာနှင့်ဆိုင်သောအရာများအားဖြင့် တည်ရလိမ့်မည်။" ဟေရှာယ ၃၂း၈။

ကယ်တင်တော်မူခြင်းအကြံအစည်၌ ဘုရားသခင်သည် လှုပ်ရှားခြင်းနှင့် တုံ့ပြန်ခြင်းစည်းမျဉ်းကိုခန့်ထားရာ အကျိုး သက်ရောက်စေသောအလုပ်နှင့် ၎င်း၏အစွယ်အပွားများတို့၌ နှစ်ထပ်သောကောင်းချီးရကြသည်။ ဆင်းရဲသောသူကိုပေးကမ်း သောသူသည် တစ်ပါးသူများအား ကောင်းချီးပေးရာရောက်သည် သာမက သူ၌လည်း များပြားသောကောင်းကျိုးကိုခံရသည်။





## ဧဝံဂေလိတရားတော်၏ဘုန်းအသရေ

လူသည် သူတစ်ပါးအကျိုးကိုပြုလိုသောသဘော၏ ကောင်းချီးကိုမပျောက်ဆုံးစေရန် ကျွန်ုပ်တို့၏ကယ်တင်သခင် သည် လူကိုလုပ်ဖော်ဆောင်ဖက်အနေဖြင့်ပါဝင်စေရန် ကြံစည် တော်မူသည်။ လူတို့၏အကူအညီကိုမယူဘဲ ရည်ရွယ်ချက်ပြည့်စုံ စေနိုင်သည်။ သို့သော်လည်း ဤအကြံအစည်၌ပါဝင်လုပ်ဆောင် ခွင့်မရှိပါက လူသည် ပျော်ရွှင်ခြင်းရှိမည်မဟုတ်ပေ။

ပြောင်းလဲနေသောအခြေအနေတွင် လူ၏စေတနာ ထက်သန်မှုရင့်သန်လာစေရန်နှင့် စွန့်ကြဲပေးကမ်းလိုသောစိတ် အမြဲတည်ရှိစေရန် ဆင်းရဲသောသူများအား မစခြင်းအမှုတော် လုပ်ငန်းကိုတိုးတက်ခြင်းတွင် ပါဝင်စေသည်။ ၎င်းအခြေအနေ တွင် ပျက်စီးနေသောလောကကြီးသည် ကျွန်ုပ်တို့၏စွမ်းရည်သတ္တိ၊ ဝတ္ထုပစ္စည်းနှင့်ဩဇာညောင်းမှုအားဖြင့် ပျက်စီးလုဆဲဖြစ်နေသော လူသားတို့အား သမ္မာတရားတော်၏အလင်းကို တင်ဆက်ပေးရန် ဖြစ်သည်။ ကျွန်ုပ်တို့၏အလုပ်နှင့် အကျိုးပြုလိုသောသဘောကို ပြသခြင်းဖြင့် သူတစ်ပါးတို့ရှေ့၌ ကျွန်ုပ်တို့အတွက်ကြောင့် ငြိုငြင် ခြင်းခံရသောခရစ်တော်၏ပုံသဏ္ဍာန်တော်ကိုထင်ဟပ်စေနိုင်ခဲ့ သည်။ ပေးကမ်းခြင်းဖြင့် ကျွန်ုပ်တို့သည် အခြားသောသူများကို

ကောင်းချီးပေးသည်။ ဤနည်းဖြင့် မှန်ကန်သောကြွယ်ဝခြင်းကို ဆည်းပူးကြသည်။

အပြစ်သို့ကျရောက်နေသောလူအား သူ့အကျိုးကိုပြုလိုသောသဘောအစဉ်ပြသခြင်းဖြင့် မြင့်မြတ်တော်မူသောသခင်၏ ရုပ်သဏ္ဍာန်ကို ပြန်၍ပြည့်စုံစေမည့် ဧဝံဂေလိတရားတော်၏ ဂုဏ်အသရေသည် ဤကျင့်ဝတ်ပေါ်၌တည်ရှိသည်။ ဤအလုပ်သည် ကောင်းကင်ဘုံ၌အစပြုခဲ့သည်။ ထိုနေရာ၌ ဘုရားသခင်သည် လူကိုမည်မျှချစ်တော်မူကြောင်း မမှားယွင်းနိုင်သောသာဓကဖြင့်ပေးတော်မူသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ၏။" ယောဟန် ၃း၁၆။ ဘုရားသခင်သည် ချစ်သောသားအား စွန့်တော်မူခြင်းဖြင့် မေတ္တာတော်ကိုဖော်ပြတော်မူသည်။ (ခရစ်တော်ကိုစေလွှတ်ပေးခြင်းသည် အဖခမည်းတော်၏မေတ္တာစိတ်နှလုံးကိုဖော်ပြခြင်းဖြစ်သည်။) ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို တာဝန်ခံပြီးသည်နောက် ကိုယ်တော်၏အလုပ်ပြီးစီးဖို့ရန် လိုအပ်ပြီးဖြစ်၍ မည်မျှပင်မြတ်နိုးစေကာမူ၊ ကိုယ်တော်သည် မည်သည့်အရာကိုမျှအလေးမထားတော့ကြောင်း သက်သေခံသည်။



ရက်ရောခြင်းစိတ်သည် ဘုရားသခင်၏စိတ်သဘောပင်ဖြစ်သည်။ ခရစ်တော်၏ကိုယ်ကိုကိုယ်စွန့်ခြင်းမေတ္တာကို လက်ဝါးကပ်တိုင်ပေါ်၌ထင်ဟပ်စေသည်။ လူသည် ကယ်တင်ခြင်းရရှိနိုင်ဖို့ရန် ကိုယ်တော်သည် ရှိသမျှသောအရာအားလုံးကိုပေးတော်မူသည်။ ထိုနောက် မိမိကိုယ်ကိုအပ်ပေးတော်မူသည်။ ခရစ်တော်၏လက်ဝါးကပ်တိုင်သည် မင်္ဂလာရှိသောကယ်တင်ရှင်၏နောက်လိုက်တိုင်းတို့၏ကောင်းမှုပြုလိုသောစိတ်၌ စွဲလမ်းစေသည်။ အဓိကဖော်ပြချက်သည် ပေးကမ်းခြင်းပင်ဖြစ်သည်။ ဤအချက်ကို လက်တွေ့သူ့အကျိုးကိုပြုလိုသောသဘောဖြင့်လည်းကောင်း၊ ကောင်းမှုအားဖြင့်လည်းကောင်း ပြသသည်။ ဤအရာများသည် ခရစ်ယာန်အသက်တာ၏မှန်ကန်သောအသီးများဖြစ်သည်။ လောက၏စိတ်သည် ကိုယ်ကျိုးသဘောသက်ရောက်သည်။ ဤကိုယ်ကျိုးရှာစိတ်ဖြင့် သူတို့သည် ပျော်မွေ့ခြင်းကိုရအောင်ယူကြသည်။ သို့သော်လည်း အဆုံး၌ စိတ်ဆင်းရဲခြင်းနှင့်သေဆုံးခြင်းပင်ဖြစ်သည်။

ခရစ်တော်၏လက်ဝါးကပ်တိုင်ထွန်းလင်းနေသော ဧဝံဂေလိအလင်းသည် ကိုယ်ကျိုးရှာခြင်းကိုပြစ်တင်၍ ရက်ရောစွာပေးလှူခြင်းနှင့် သူ့အကျိုးကိုပြုလိုသောသဘောကိုအားပေးသည်။ ပေးလှူဖို့ရန် ခေါ်သံများ များပြားလာသည်ဟု ညည်းညူစရာ

အကြောင်းမရှိပေ။ ဘုရားသခင်သည် စီမံထားသည်အတိုင်း မိမိ၏လူတို့ကိုကန့်သတ်ထားသောလုပ်ရှားခြင်းမှ သာ၍ကြီးကျယ်သောစွန့်စားခြင်းများပြုလုပ်ရန်ခေါ်လျက်နေသည်။ ကမ္ဘာပေါ်၌ကျင့်ဝတ္တရားနှင့်ဆိုင်သောအမှောင်ထုသည် ဖုံးလွှမ်းနေစဉ် အကန့်အသတ်မရှိသောလုံ့လထုတ်ခြင်းကို ဤအချိန်၌တောင်းဆိုလျက်ရှိသည်။ ဘုရားသခင်၏သားသမီးမြောက်မြားစွာတို့သည် လောကဆန်ခြင်းနှင့်တပ်မက်လိုချင်သောစိတ်ဘေးအန္တရာယ်များနှင့်ရင်ဆိုင်နေရကြသည်။ သူတို့နားလည်ရသည့်အချက်မှာ သူတို့၏လှူဖွယ်ပစ္စည်းများကို ပိုမိုတောင်းခံခြင်းအရာမှာ ဘုရားသခင်၏သနားကြင်နာမှုပင်ဖြစ်သည်။ သူတစ်ပါးအကျိုးကိုပြုလိုသောသဘောတည်းဟူသောအရာကို လက်တွေ့သူတို့အရှေ့၌မတင်ပြလျှင် သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏အကျင့်ပုံသက်သေအဖြစ်ပြောင်းလဲနိုင်မည်မဟုတ်ပေ။

## ဘဏ္ဍာစိုးအရာ၏ကောင်းချီးမင်္ဂလာများ

ကိုယ်တော်သည် တပည့်တော်တို့အား "သင်တို့သည် လောကနိုင်ငံအရပ်ရပ်သို့သွား၍ လူသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောပြောကြလော့" ဟုအမိန့်ပေးရာ၌ ခရစ်တော်



သည် လူတို့အား ကိုယ်တော်၏ကျေးဇူးတော်ကိုသိမြင်နားလည်ခြင်းတိုးပွားရန် အလုပ်လုပ်ကိုင်ခြင်းဖြစ်သည်။ အချို့သောသူတို့သည် တရားဟောရန်ထွက်ခွာသွားကြစဉ် မိမိ၏အမှုတော်သည် ဤကမ္ဘာမြေကြီးပေါ်၌ ဆောင်ရွက်ပြီးစီးနိုင်ဖို့ရန် အခြားသောသူတို့ထံမှလည်း အလှူငွေများကိုတောင်းခံတော်မူသည်။ အချင်းချင်းတို့၏အသက်ကိုကယ်ဆယ်ဖို့ရန် အလုပ်ကို ကျွန်ုပ်တို့အားအပ်ထားရာ၌ ကိုယ်တော်၏ဆုလာဘ်များသည် လူသားတို့မှတစ်ဆင့်သွားနိုင်ရန် ကိုယ်တော်သည် ဥစ္စာပစ္စည်း၊ ရွှေငွေများကို လူတို့၏လက်ဝယ်၌အပ်ထားတော်မူသည်။ ဤကဲ့သို့လူကိုချီးမြှင့်ခြင်းသည် ဘုရားသခင်၏နည်းလမ်းတစ်လမ်းပင်ဖြစ်သည်။ ဤအလုပ်ကို လူသည်လုပ်ကိုင်ဖို့ရန်လိုအပ်ပေသည်။ အကြောင်းမှာ ယင်းအလုပ်သည် လူ၏စိတ်နှလုံးစာနာတတ်ခြင်းသဘောကိုထကြွစေ၍ စိတ်၏အတတ်စွမ်းနိုင်ဆုံးအရာကို လုပ်ကိုင်ဆောင်ရွက်ပေးရန်ဖြစ်သည်။

ဘုရားသခင်၏ကြွယ်ဝတော်မူသောလက်တော်သည် ကောင်းသောအရာဟူသမျှကို မြေကြီးပေါ်၌ထားတော်မူခြင်းဖြင့် လူကိုချစ်ကြောင်းပြသတော်မူသည်။ ဆင်းရဲသောသူကို ကိုယ်တော်ပိုင်တော်မူ၏။ ဘာသာတရားကိုလည်း ဘုရားသခင်ပေးတော်မူ၏။ ရွှေနှင့်ငွေသည် ဘုရားသခင်ပိုင်သောပစ္စည်းများဖြစ်သည်။

ကိုယ်တော်အလိုတော်ရှိခဲ့လျှင် ကောင်းကင်မှရွှေမိုးကိုရွာချပေးနိုင်တော်မူသည်။ သို့သော်လည်း ဤကဲ့သို့ပြုလုပ်တော်မူမည့်အစား ကိုယ်တော်သည် လူကိုဘဏ္ဍာစိုးအနေဖြင့်ခန့်ထား၍ ဥစ္စာပစ္စည်း၊ ရွှေ၊ ငွေများကိုပေးထားတော်မူသည်။ ဤပစ္စည်းများကိုသိုဝှက်ထားရန်မဟုတ်၊ အခြားသောသူများ၏အကျိုးဖြစ်ထွန်းစေဖို့ရန်ဖြစ်သည်။ ဤနည်းဖြင့်ကိုယ်တော်သည် မိမိ၏ကောင်းချီးများကို လူအားဖြင့် မြေကြီးပေါ်၌ဝေငှပေးကမ်းစေသည်။ လူသည်မိမိကိုဖန်ဆင်းသောအရှင်နှင့်တူဖို့ရန်နှင့် အကျင့်၌ကိုယ်ကျိုးမရှာဘဲ သူတစ်ပါး၌အကျိုးဖြစ်ထွန်းစေဖို့ရန် သဘောထားရှိရမည်။ နောက်ဆုံးထာဝစဉ်ကျေးဇူးတော်နှင့်ပြည့်ဝသောဆုများကိုခရစ်တော်နှင့်အတူ ဆက်ဆံသူဖြစ်နိုင်ဖို့ရန် ဘုရားသခင်သည်စွန့်ကြဲပေးကမ်းတတ်သောအစီအစဉ်ကို ကြံစည်တော်မူသည်။

## လက်ဝါးကပ်တိုင်ပတ်လည်၌တွေ့ဆုံခြင်း

ကရာနီ၌ဖော်ပြခဲ့သောချစ်ခြင်းမေတ္တာကို ပြန်၍အသက်သွင်းပေးရမည်။ အားသစ်တိုးတက်စေပြီးလျှင် အသင်းတော်များ၌ပျံ့နှံ့စေရမည်။ ခရစ်တော်သည် ဤလောကသို့ယူဆောင်လာခဲ့သောကျင့်ဝတ်များကိုစွမ်းဆောင်ပေးစေရန် ကျွန်ုပ်တို့သည်



တတ်နိုင်သမျှပြုလုပ်ကြရမည်မဟုတ်လော။ ၎င်းပြင် ကောင်းမှုပြုလိုသောသဘောကိုလည်းဆောက်တည်၍ စွမ်းဆောင်နိုင်ခြင်းပေးဖို့ရန် နှောင့်နှေးခြင်းမရှိဘဲ ကျွန်ုပ်တို့သည် တတ်နိုင်သမျှကြိုးစားသင့်သည်မဟုတ်လော။ သင်သည် လက်ဝါးကပ်တိုင်ရှေ့၌ရပ်၍ ကောင်းကင်နိုင်ငံတော်၏သခင်ယေရှုခရစ်တော်သည်သင့်အဖို့အသက်စွန့်နေစဉ်တွင် သင်သည် သင်၏စိတ်နှလုံးကိုခိုင်မာစွာပိတ်ထား၍ "မပေးနိုင်ပါ၊ ကျွန်ုပ်မည်သည့်အရာမျှမလှူနိုင်ပါ" ဟုပြောဆိုမည်လော။

ခရစ်တော်ကိုယုံကြည်ကြသောသူတို့သည် ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုတည်မြဲစေရမည်။ ဤချစ်ခြင်းမေတ္တာသည်သူတို့ကို လက်ဝါးကပ်တိုင်ပတ်လည်၌ခေါ်ဆောင်လာရမည်။ ၎င်းမေတ္တာသည် ကိုယ်ကျိုးရှာဖွေခြင်းရှိသမျှကို စွန့်ပစ်လာစေ၍ဘုရားသခင်၌ တစ်ဦးနှင့်တစ်ဦးစည်းလုံးထားခြင်းရှိရမည်။

ကရာနီလက်ဝါးကပ်တိုင်ခြေရင်း၌ ကိုယ်ကိုစွန့်ခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်းစိတ်မျိုးနှင့်တွေ့ဆုံကြစို့။ သင်သည် အကောင်းဆုံးဖြစ်ရန် ကြိုးစားခြင်းရှိပါက ဘုရားသခင်သည် သင့်ကိုကောင်းချီးပေးမည်။ သင်သည် ကျေးဇူးတော်ပလ္လင်နားသို့ချဉ်းကပ်၍ လူတို့ကိုအပြစ်တွင်းမှဆွဲယူရန် ကောင်းကင်မှမြေကြီးပေါ်သို့ချလိုက်သောရွှေကြိုးဖြင့် သင့်ကိုလည်း ပလ္လင်၌

ချည်နှောင်ထားကြောင်းကို သင်တွေ့မြင်ရမည်။ ထိုအခါ သင်၏ မေတ္တာစိတ်နှလုံးသည် ဘုရားသခင်ကိုမသိ။ မျှော်လင့်ခြင်းမရှိသောသင်၏ညီအစ်ကိုမောင်နှမများထံသို့ ရောက်ရှိသွားလိမ့်မည်။ 9T 253-256.

–၀–

## (၂) ကျွန်ုပ်တို့၏ကြွယ်ဝသောအကျိုးဆောင်

ဘုရားသခင်၏တန်ခိုးတော်သည် နှလုံးခုန်ခြင်း၊ အဆုတ်၌ လှုပ်ရှားခြင်း၊ ကိုယ်ခန္ဓာတစ်ခုလုံးသို့ အသက်ရှင်လှည့်လည် သွားနေသောသွေးကြောများ၌ ထင်ရှားပြသလျက်ရှိသည်။ ကျွန်ုပ်တို့သည် အသက်ရှင်စွာနေထိုင်ရခြင်း၊ အသက်တာ၏ ချမ်းသာခြင်းဆုများရရှိသောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ရပေမည်။ လူကိုနှိမ့်ကျသောသတ္တဝါများတို့အပေါ်၌ ချီးမြှင့်ထားသောတန်ခိုးနှင့်အစွမ်းသတ္တိများသည် ဖန်ဆင်းရှင်ထံမှ အမြဲထောက်ပံ့နေခြင်းရရှိလာခြင်းကြောင့်ဖြစ်သည်။

ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏အကျိုးကျေးဇူးများဖြင့်ဖြည့်ဆည်းထားသည်။ ကျွန်ုပ်တို့၏စားသောအစားအစာ၊ သောက်သောရေ၊ ဝတ်ဆင်သောအဝတ်၊ ရှူရှိုက်ရသောလေအတွက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးခံဖြစ်နေကြသည်။ ကိုယ်တော်၏အထူးကြည့်ရှုစောင့်ရှောက်ခြင်းမရှိပါက လေသည် အနာရောဂါနှင့်အဆိပ်များဖြင့်ပြည့်ဝနေမည်။ ကိုယ်တော်သည် ကြွယ်ဝသောမေတ္တာတော်ရှင်နှင့်စောင့်ထိန်းသောအရှင်ဖြစ်တော်မူသည်။

မြေကြီးပေါ်၌ထွန်းလင်း၍ သဘာဝအားလုံးတို့ကို ဘုန်းထွန်းတောက်စေသောနေ၊ ကြည်လင်အေးမြသောလ၊ တောက်ပသောကြယ်များဖြင့် တန်ဆာဆင်ထားလျက်ရှိသော မိုးကောင်းကင်မျက်နှာကြက်၊ မြေကြီးကိုအားဖြည့်ပေး၍ မြက်ခင်းပြင်များကိုပေါက်စေသောမိုးရေ၊ အဖိုးထိုက်တန်သောသဘာဝနှင့် အားလုံးသောအရာများ၊ မြင့်မားသောသစ်ပင်ကြီးများ၊ ချုံပုတ်နှင့်အပင်ငယ်များ၊ လှိုင်းထနေသောဂျုံစပါး၊ အပြာရောင်လွှမ်းနေသောမိုးကောင်းကင်၊ စိမ်းစိုနေသောမြေကြီး၊ နေ့နှင့်ညပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း ဤအရာအားလုံးတို့သည် ဘုရားသခင်၏မေတ္တာတော်ကိုပြသသည်။

ကောင်းကင်ပေါ်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း ရှိသောဤအထိမ်းအမှတ်များအားဖြင့် ကျွန်ုပ်တို့ကိုကိုယ်တော်နှင့်ဆက်သွယ်ထားတော်မူသည်။ မိခင်တစ်ဦးသည် ဖျားနာနေသောမိမိ၏ရင်သွေးငယ်ကို ဂရုစိုက်ကြည့်ရှုသည်ထက်ကိုယ်တော်သည် ကျွန်ုပ်တို့ကိုပို၍ကြင်နာစွာကြည့်ရှုတော်မူသည်။ “အဘသည် သားတို့ကိုသနားစုံမက်တော်မူသည်နည်းတူ ထာဝရဘုရားသခင်သည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။” R & H, Sept. 18, 1888.



## အဆက်မပြတ်လက်ခံရရှိသည်နှင့်အမျှအဆက်မပြတ်ပေးကမ်းရမည်

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုအဆက်မပြတ်လက်ခံရရှိသောကြောင့် အဆက်မပြတ်ပေးကမ်းနေရမည်။ ကောင်းကင်နိုင်ငံတော်၏ကျေးဇူးရှင်သည် ကျွန်ုပ်တို့ကိုပေးကမ်းခြင်းမှရပ်စဲခဲ့လျှင် ကျွန်ုပ်တို့၌ဘာတစ်ခုမျှပေးကမ်းစရာမရှိတော့သောကြောင့် ထိုအချိန်၌ ကျွန်ုပ်တို့သည် ပေးကမ်းခြင်းကိုရပ်စဲနိုင်သည်။ ဘုရားသခင်သည် မိမိ၏မေတ္တာသာဓကကိုမပြဘဲမည်သည့်အခါမျှ ကျွန်ုပ်တို့ကိုပစ်မထားပေ။ ထိုအရာ၌ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အကောင်းကိုပြုတော်မူသည်။

ကျွန်ုပ်တို့ကိုအချိန်အခါတိုင်း၌ ဘုရားသခင်သည် ကြည့်ရှုထောက်မထားတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏စားပွဲကို အစားအစာများဖြင့်ပြည့်စုံစွာပေးတော်မူသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့ကို ငြိမ်သက်ခြင်းနှင့်အားဖြည့်တတ်သောအိပ်ပျော်ခြင်းကိုပေးတော်မူသည်။ ကျွန်ုပ်တို့သည် လောကနှင့်စပ်ဆိုင်သောအလုပ်မှအနားယူ၍ ကိုယ်တော်၏အိမ်တော်၌ ဝတ်ပြုကိုးကွယ်နိုင်ရန် ရက်သတ္တပတ်တိုင်းဥပုသ်နေ့ကိုပေးတော်မူသည်။ ကျွန်ုပ်တို့၏ခြေရှေ့၌မီးခွက်ဖြစ်၍ သွားရာလမ်း၌အလင်းဖြစ်

စေရန် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်ပေးတော်မူသည်။ မွန်မြတ်သော ထိုဘုရားသခင်၏ နှုတ်ကပတ်တော်၏စာမျက်နှာ၌ ပညာနှင့်စပ်ဆိုင်သောအကြံဉာဏ်များကိုပေးထားတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်စိတ်နှလုံးဖြင့်နှောင်တရ၍ ယုံကြည်ခြင်းဖြင့် ကိုယ်တော်ကိုမျှော်ကြည့်သောအခါတိုင်း ကိုယ်တော်သည် ကျေးဇူးတော်ကောင်းချီးမင်္ဂလာများကိုချပေးတော်မူသည်။ အားလုံးသောအရာများအပြင် အကန့်အသတ်မရှိသောဆုကျေးဇူးဖြစ်သည့် ဘုရားသခင်၏ချစ်တော်မူသောသားတော်ကိုပေးတော်မူခဲ့ရာ ထိုသားတော်မှ ဤအသက်တာနှင့်လည်းကောင်း၊ အနာဂတ်အသက်တာနှင့်လည်းကောင်း ဆိုင်သောအခြားကောင်းချီးမင်္ဂလာများစီးဆင်းလာခဲ့သည်။

ဧကန်မုချကောင်းမြတ်ခြင်းနှင့် သနားကြင်နာမှုသည် ခြေလှမ်းတိုင်း၌ရှိသည်။ အကန့်အသတ်မရှိသောအဖဘုရားသခင် ချပေးတော်မူသည့်ဆုကျေးဇူးများကိုရပ်တန့်ပေးရန် ကျွန်ုပ်တို့တောင်းဆိုသောအခါ ပေးကမ်းခြင်း၌အဆုံးမရှိသလောဟု ကျွန်ုပ်တို့သည် အလျှင်အဦးလိုသောစိတ်နှင့်ပြောဆိုမည်လော။ ကျွန်ုပ်တို့သည် သစ္စာရှိစွာဖြင့် ကိုယ်တော်ပိုင်ဆိုင်သည်ဟု မိန့်တော်မူသောဆယ်ဖို့တစ်ဖို့ကိုပေးလှူရသည်သာမက ကိုယ်တော်၏ဘဏ္ဍာတိုက်ထဲသို့ ကျေးဇူးတင်သောအလှူတော်ငွေကိုလည်း



ပေးကမ်းစွန့်ကြဲရမည်။ သို့ဖြစ်၍ ကိုယ်တော်ချပေး၍ ကြွယ်ဝစွာခံစားရသောအထဲမှ အဦးအသီးများကို ကျွန်ုပ်တို့၏ကယ်တင်ရှင်ထံသို့ယူဆောင်လာရမည်။ ဤသည်ကား ကျွန်ုပ်တို့၏အကောင်းဆုံးနှင့်အသန့်ရှင်းဆုံးဆောင်ရွက်ခြင်းပင်ဖြစ်သည်။ R & H, Feb. 9, 1886.

## ကျေးဇူးသိသောသဘောပြရန်လမ်းတစ်လမ်းသာရှိခြင်း

ကျွန်ုပ်တို့၏လှူဖွယ်ပစ္စည်းများနှင့် ကျွန်ုပ်တို့၏လက်ဆောင်များဖြင့် ကိုယ်တော်ကိုကြွယ်ဝအောင်မပြုနိုင်ပေ။ "အားလုံးသောအရာများကို ကိုယ်တော်ထံမှရ၍ ကိုယ်တော်ပိုင်သောအရာကိုကျွန်ုပ်တို့ပြန်ပေးပါပြီ" ဟု ဆာလံဆရာကပြောဆိုသည်။ ထိုမှတစ်ပါး ဘုရားသခင်၏သနားခြင်းကြင်နာမှုကို ကျွန်ုပ်တို့အလေးအမြတ်ပြုကြောင်းပြသဖို့ရန် ဘုရားသခင်သည် အခွင့်ပေးတော်မူ၏။ အခြားသောသူများကိုလည်း ထိုနည်းတူပြုရမည်။ ကျွန်ုပ်တို့သည် ဤနည်းအားဖြင့်သာလျှင် ကျေးဇူးတင်ခြင်း၊ ဘုရားသခင်ကိုချစ်ခြင်းအကြောင်းပြသနိုင်သည်။ ကိုယ်တော်သည် အခြားသောနည်းလမ်းကိုစီမံထားခြင်းမရှိပေ။ R & H, Dec. 6, 1887.

## ကိုယ်ကျိုးရှာခြင်းကိုပေါလုသည်ဆန့်ကျင်ဘက် အချေအတင်ပြောခြင်း

ရှင်ပေါလုသည် ညီအစ်ကိုတို့၏စိတ်၌ရှိသောကိုယ်ကျိုးရှာခြင်းကို အမြစ်ကနေ၍လှန်ပစ်ရန်ရှာကြံသည်။ မိမိကိုယ်ကျိုးကိုကြည့်ရှုတတ်ခြင်း၊ တပ်မက်မောခြင်းသည် စိတ်၌ရှိသေးပါကကောင်းသောအကျင့်သည် ခရစ်တော်၌ပြည့်စုံခြင်းမရှိနိုင်ပေ။ သူတို့၏စိတ်နှလုံးထဲ၌ရှိသော ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် သူတို့၏ညီအစ်ကိုများ၌လိုအပ်နေသောအခါ မစခြင်းပေးကမ်းဖို့ရန် သူတို့ကိုလမ်းပြလိမ့်မည်။ သူတို့အတွက် ခရစ်တော်ခံစားခဲ့သောအကြောင်းကိုညွှန်ပြခြင်းအားဖြင့် ပေါလုသည် သူတို့၏ချစ်ခြင်းမေတ္တာကို ထကြွလှုပ်ရှားစေသည်။

"ထိုသို့ဆိုသော်၊ ပညတ်အားဖြင့် ငါဆိုသည်မဟုတ်၊ အခြားသောသူတို့၏ကြိုးစားအားထုတ်ခြင်းကိုအစွဲပြု၍ သင်တို့၏မေတ္တာသည် မှန်သည်မမှန်သည်ကို စုံစမ်းခြင်းအားဖြင့်ဆိုသတည်း။ အကြောင်းမူကား၊ ငါတို့၏သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏။"



ဤအချက်သည် တမန်တော်၏ကြီးကျယ်သောအချေအတင်ပြောဆိုခြင်းဖြစ်သည်။ ၎င်းသည် ပေါလု၏ပညတ်မဟုတ်၊ သခင်ယေရှုခရစ်တော်၏မိန့်တော်မူချက်ဖြစ်သည်။

ဘုရားသခင်သည် လူအားပေးကမ်းသောဆုကျေးဇူးသည် မည်မျှလောက်ကြီးသနည်း။ ဘုရားသခင်နှင့်တူအောင် မည်ကဲ့သို့လုပ်ရမည်နည်း။ မည်သည့်အခါမျှမလွန်မကဲနိုင်သောစွန့်ကြဲပေးကမ်းခြင်းမျိုးကို ကိုယ်တော်ပေးတော်မူခဲ့သည်။ ထိုသို့စွန့်ကြဲပေးကမ်းခြင်းဖြင့် ပုန်ကန်နေသောလူသားတို့ကိုကယ်တင်၍ ကိုယ်တော်၏အကြံအစည်ကိုတွေ့မြင်ပြီးလျှင် ကိုယ်တော်၏မေတ္တာတော်ကိုခွဲခြားသိမြင်နိုင်ရန်ဖြစ်သည်။ သို့ဖြစ်၍ သင်သည် သင်၏လက်ဆောင်ပဏ္ဏာများ၊ အလှူငွေများဖြင့် "တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသော" အဖခမည်းတော်အား စွန့်ကြဲပေးကမ်းရာ၌ အရာရောက်သည်ဟု သင်၌ထင်မြင်မည်မဟုတ်ပေ။ R & H, May 15, 1900.

ရက်ရောသောစိတ်ဓာတ်သည် ကောင်းကင်နိုင်ငံတော်၏စိတ်ဓာတ်ဖြစ်သည်။ ကိုယ်ကျိုးရှာလိုသောစိတ်ဓာတ်သည် စာတန်၏စိတ်ဓာတ်ဖြစ်သည်။ R & H, Oct. 17, 1882.

–o–

## (၃) ဘုရားသခင်သည်လူကိုအဘယ်ကြောင့် မိမိ၏ အလှူဝတ္ထုများကို တစ်ဆင့်ပေးကမ်း စွန့်ကြဲရသူအနေဖြင့်လုပ်ကိုင်စေသနည်း

မိမိ၏အမှုတော်တိုးတက်ကြီးပွားစေဖို့ရန် ဘုရားသခင်သည် လူအပေါ်၌မှီခိုအားထားခြင်းမပြုပေ။ ကိုယ်တော်သည် ကောင်းကင်တမန်များကို မိမိ၏သမ္မာတရားသံတမန်များအဖြစ် ခန့်ထားနိုင်သည်။ ကိုယ်တော်သည် သိနာတောင်၌ မိမိ၏အသံဖြင့် ပညတ်တော်ကိုကြွေးကြော်သကဲ့သို့ မိမိ၏အလိုဆန္ဒကိုလည်း ထိုနည်းတူပြုလုပ်တော်မူနိုင်သည်။ သို့သော်လည်း ကျွန်ုပ်တို့၌ ကောင်းမှုပြုလိုသောစိတ်ဓာတ်ပြုစုပေးလိုသောကြောင့် ဤအလုပ်ကိုလုပ်ကိုင်ရန် လူကိုရွေးချယ်ခဲ့လေသည်။

အခြားသောသူများကောင်းစားဖို့ရန် မိမိကိုယ်ကိုငြင်းပယ်ခြင်းအလုပ်သည် ပေးကမ်းစွန့်ကြဲသောသူ၏စိတ်နှလုံး၌ ကောင်းမှုပြုလိုသောစိတ်ဓာတ်ကိုရင့်သန်စေသည်။ သူ့အား ကမ္ဘာကြီး၏ ကယ်တင်ရှင်နှင့်နီးကပ်စွာမိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။ "ကိုယ်တော်ဆင်းရဲခြင်းဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝခြင်းသို့ ရောက်ရှိရန် ကြွယ်ဝသောကိုယ်တော်သည် ဆင်းရဲခြင်းသို့





ရောက်ခဲ့လေသည်။" ကျွန်ုပ်တို့ကိုဖန်ဆင်းခြင်း၌ ကိုယ်တော်၏ မြင့်မြတ်သောအကြံအစည်ကို ကျွန်ုပ်တို့သည် ပြည့်စုံစေသော အခါမှသာလျှင် အသက်တာသည် ကျွန်ုပ်တို့အဖို့ ကောင်းချီး ဖြစ်နိုင်သည်။ လူအား ဘုရားသခင်ပေးကမ်းစွန့်ကြဲသော ကောင်းမွန်သည့်ဆုလာဘ်လက်ဆောင်များကို လူအချင်းချင်း ကောင်းချီးရရှိစေရန်နှင့် ဘုရားသခင်၏အမှုတော် ဤကမ္ဘာ မြေကြီးပေါ်၌ပြီးစီးဖို့ရန် အသုံးမချပါက သူ့အဖို့ကျိန်ဆဲခြင်းသာ ဖြစ်လိမ့်မည်။ R & H, Dec. 7, 1886.

## အမြတ်ရရှိဖို့ရန်ရှာကြံခြင်း

ကြေးငွေရဖို့လောက်သာ အာရုံစူးစိုက်နေခြင်းသည် ကိုယ်ကျိုးရှာခြင်းဖြစ်၍ အမြတ်အစွန်းရရှိရန် ဆန္ဒပေါက်ဖွားခဲ့ သည်။ ၎င်းသည် အသင်းတော်၏ဝိညာဉ်ရေးကိုသေစေ၍ ဘုရား သခင်၏မေတ္တာသက်ဝင်ခြင်းကို အသင်းတော်မှပယ်ရှားလိုက် ခြင်းဖြစ်သည်။ ဦးခေါင်းနှင့်လက်သည် အချိန်ရှိသမျှပစ္စည်း စုဆောင်းဖို့လောက်ကိုသာ ကြံစည်အားထုတ်နေပါက ဘုရားသခင် နှင့်လူသားတို့၏တောင်းဆိုခြင်းသည် မေ့ပျောက်သွားလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား စီးပွားတိုးတက်ခြင်းဖြင့် ကောင်းချီးပေးနေပါက ကျွန်ုပ်တို့၏အချိန်နှင့်စွမ်းရည်သတ္တိကို

ကိုယ်တော်ထံမှလွှဲဖယ်၍ ကျွန်ုပ်တို့အားငှားရမ်းသောအရာများ၌ အသုံးမပြုသင့်ပေ။ ပေးကမ်းသောသူသည် ပေးသောဆုလက်ဆောင်ထက်ကြီးသည်။ ကျွန်ုပ်တို့ကိုအဖိုးနှင့်ဝယ်ယူပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့မပိုင်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိဖို့ရန် တန်ဖိုးမဖြတ်နိုင်သောအဖိုးနှင့်ဝယ်ယူခဲ့ပြီမဟုတ်လော။ ကျေးဇူးတင်ခြင်းသဘောသည် စိတ်နှလုံးထဲ၌ ပျက်စီးသွားပြီလော။ ကိုယ်ကျိုးရှာ၍သက်သက်သာသာနေခြင်းနှင့် အာရုံခံစားခြင်းအသက်တာကို ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ရှက်ကြောက်ခြင်းသို့ရောက်စေပြီမဟုတ်လော။ ကျွန်ုပ်တို့သည် ဤအကန့်အသတ်မရှိသော မိမိကိုယ်ကိုစွန့်ခြင်း၏အကျိုးကျေးဇူးကိုရိတ်သိမ်းလျက်နေသည်။ သို့သော်လည်း အလုပ်ကိုလုပ်ကိုင်ပြီးစီးဖို့ရန် အချိန်ရောက်သောအခါ ဝိညာဉ်များကိုကယ်တင်ရန် ကယ်တင်ရှင်၏အလုပ်ကိုလုပ်ကိုင်ကြသည်။ မစခြင်းပေးရန် ကျွန်ုပ်တို့၏ငွေကြေးကိုအလိုရှိသောအခါ ကျွန်ုပ်တို့သည် တာဝန်ဝတ္တရားမှနောက်ဆုတ်သွား၍ ခွင့်လွှတ်ရန်တောင်းပန်ကြသည်။ ဘုရားသခင်၏တောင်းဆိုတော်မူခြင်းကိုသိမ်ဖျင်းယုတ်ညံ့သောပျင်းရိခြင်း၊ ဂရုမမူနေတတ်ခြင်း၊ ယုတ်ညံ့ကိုယ်ကျိုးရှာခြင်းသဘောများက ကျွန်ုပ်တို့၏အာရုံများကိုလွှဲလိုက်လေသည်။



ကောင်းကင်နိုင်ငံတော်၏အထွတ်အထိပ်ဖြစ်သောခရစ်တော်၊ ဘုန်းတော်နှင့်ပြည့်ဝသောဘုရင်၊ လေးလံသောလက်ဝါးကပ်တိုင်ကိုထမ်းဆောင်၍ ဆူးဦးရစ်သရဖူကိုဆောင်းလျက် ခါးသောခွက်ဖလားကိုသောက်နေစဉ် ကျွန်ုပ်တို့သည် ချမ်းသာစွာနေထိုင်အနားယူလျက် မိမိကိုယ်ကိုချီးမြှောက်နေမည်လား။ ကိုယ်တော်သည် အသေခံတော်မူ၍ မိမိ၏အသွေးတော်ဖြင့်ကယ်နုတ်ခဲ့သောဝိညာဉ်များကို ကျွန်ုပ်တို့သည် သတိမရမေ့လျော့နေကြမည်လော။ ထိုသို့မဖြစ်တန်ရာ။ ကျွန်ုပ်တို့၌စွန့်ကြဲပေးကမ်းနိုင်ဖို့ရန် ခွန်အားရှိနေချိန်တွင် ပေးကမ်းကြစို့။ ကျွန်ုပ်တို့၌ခွန်အားရှိနေချိန်တွင် ပြုလုပ်ဆောင်ရွက်ကြစို့။ နေ့အချိန်ရှိစဉ်လုပ်ကိုင်ကြစို့။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှသီးခြားသုံးစွဲခြင်းငွေနှင့် ဆုကိုရရှိနိုင်ရန် ကျွန်ုပ်တို့၏အချိန်နှင့်ငွေကြေးကို ဘုရားသခင်၏အမှုတော်အတွက် သီးသန့်ထားကြစို့။ R & H, Oct. 17, 1882.

## ကိုယ်တွင်းရန်သူနှင့်အကြီးဆုံးတိုက်ပွဲ

ဤအသက်တာ၌ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာများသည် ကန့်သတ်ထားခြင်းရှိသည်။ သို့သော်လည်း ဘုရားသခင်၏

ဤလောကသို့ပေးကမ်းသောဆုကျေးဇူးဘဏ္ဍာ၌ ကန့်သတ်ခြင်းမရှိပေ။ လူသားတို့အလိုဆန္ဒရှိသမျှကိုဖော်ပြ၍ လူတို့၏စိတ်ကူးခြင်းထက် များစွာသာလွန်လေသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချသောနေ့၌ လူတိုင်းတို့သည် မိမိတို့၏ပြုမူကျင့်ကြံသည်အတိုင်း တရားစီရင်ခြင်းခံရမည်။ မိမိသည် သူတော်ကောင်းမှန်သည်ဟူသောပြောဆိုသံများသည် တိတ်ဆိတ်သွားလိမ့်မည်။ ဘုရားသခင်သည် လူအား ဆုကျေးဇူးပေးရာ၌ ရှိသမျှသောအရာအလုံးစုံကိုပေးကမ်းခဲ့သည်ကိုတွေ့မြင်ရမည်။ ဤကောင်းမြတ်သောပေးကမ်းခြင်းကို ငြင်းပယ်သောသူတို့၌ ဆင်ခြင်တက်စရာအကြောင်းမရှိတော့ပေ။

ကျွန်ုပ်တို့ကြောက်လန့်ဖို့ရန် ပြင်ပရန်သူမရှိပေ။ ကျွန်ုပ်တို့၏အကြီးဆုံးတိုက်ခိုက်ရမည့်ရန်သူသည် ဆက်ကပ်ခြင်းမရှိသော မိမိကိုယ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်နိုင်လျှင် ကျွန်ုပ်တို့ကိုချစ်သောကိုယ်တော်အားဖြင့် ပို၍နိုင်သောသူများဖြစ်ကြမည့်ညီအစ်ကိုတို့၊ ကျွန်ုပ်တို့နိုင်ဖို့ရန် ထာဝရအသက်ရှိသည်။ ယုံကြည်ခြင်းဖြင့် ကောင်းစွာတိုက်လှန်ကြစို့။ ကျွန်ုပ်တို့အဖို့ကုန်ဆုံးချိန်သည် နောင်လာမည့်အချိန်၌မဟုတ်ဘဲ ယခုပင်ဖြစ်သည်။ အချိန်ဆိုင်းနေစဉ် "ဘုရားသခင်၏နိုင်ငံတော်



နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကို" ထိုအရာများသည် ယခုအချိန်၌ စာတန်၏အကြံအစည်များဖြစ်သော လိမ်လည်လှည့်ဖြားခြင်းထောင်ချောက်ဖြစ်သော ပျက်စီးခြင်းများကို သင့်ကိုထပ်၍ပေးမည်။ R & H, March 5, 1908.

## ညစ်ပေသောအစွန်းအထင်း

ကျွန်ုပ်တို့သည် နောင်လာမည့်အသက်တာနှင့်ထိုက်တန်ခြင်းရှိမရှိဆုံးဖြတ်နိုင်ရန် ဤလောက၌ အစမ်းသဘောဖြင့်ထားသည်ကို ကျွန်ုပ်တို့မည်သည့်အခါမျှမမေ့သင့်ပေ။ ကိုယ်ကျိုးရှာဖွေခြင်းဖြင့် မိမိတို့၏အကျင့်၌ ညစ်ပေသည့်အစွန်းအထင်းရှိသောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့မဝင်နိုင်ပေ။ သို့ဖြစ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤလောက၌ ခေတ္တပိုင်ဆိုင်သောအရာများကိုပေးကမ်း၍ ထာဝစဉ်ကာလနှင့်ဆိုင်သောအရာများ၌ စိတ်ချနိုင်မချနိုင်ကိုသိရှိရန် ကျွန်ုပ်တို့ကို ဤလောက၌ စမ်းသပ်တော်မူသည်။ R & H, May 16, 1893.

## ကျွန်ုပ်တို့၏ကိုယ်ပိုင်ပစ္စည်းများသည် ယုံကြည်အပ်နှံထားသောပစ္စည်းများဖြစ်သည်

လူတစ်ဦးတစ်ယောက်၏ကိုယ်ပိုင်ပစ္စည်းများသည် မည်မျှများပြား၍ မည်မျှနည်းပါးစေကာမူ ထိုပစ္စည်းများသည် ယုံကြည်၍အပ်နှံထားသောပစ္စည်းများသာဖြစ်ကြောင်း ထိုသူသည် သိမှတ်ပါစေ။ သူ၏ခွန်အား၊ တတ်ကျွမ်းခြင်း၊ အချိန်၊ အစွမ်းသတ္တိများ၊ အခွင့်အရေးများ၊ ကြေးငွေများနှင့်စပ်ဆိုင်၍ သူသည် ဘုရားသခင်အား စာရင်းတင်ပြရမည်။ ဤအလုပ်သည် တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သောအလုပ်ဖြစ်သည်။ သူတစ်ပါးကိုပေးကမ်းခြင်းဖြင့် ကိုယ်တော်နှင့်တူနိုင်ရန် ရက်ရောခြင်း၊ မြင့်မြတ်ခြင်း၊ ကျေးဇူးပြုတတ်ခြင်းရှိရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပေးကမ်းတော်မူသည်။ အများသောသူတို့သည် သူတို့၏မြင့်မြတ်သောအလုပ်ကိုမေ့လျော့၍ စုဆောင်းထားရန်သာပြုလုပ်ကြသည်။ ကိုယ့်အလိုသို့လိုက်၍ ဝါကြွားခြင်း (သို့မဟုတ်) ကိုယ်ကျိုးအတွက်သာသုံးဖြုန်းရန်ရှာဖွေကြသည်။ ထိုသူတို့သည် ဤလောက၏ပျော်မွေ့ခြင်းများကိုခံစားရမည်။ သို့သော်လည်း ဘုရားသခင်၏ရှေ့တော်၌ သူတို့၏ဝိညာဉ်ရေးအဆင့်အတန်းကိုကြည့်ရှုရာ၌ သူတို့သည် ဆင်းရဲခြင်း၊ အသုံးမရခြင်း၊ သိမ်ဖျင်း



ခြင်း၊ မျက်စိကန်းခြင်း၊ အကာအကွယ်မရှိခြင်း အခြေအနေ၌ရှိကြသည်။

မှန်ကန်စွာအသုံးချပါက ဥစ္စာဓနသည် လူနှင့်လူအချင်းချင်းစပ်ကြား၌ ကျေးဇူးသိတတ်ခြင်း၊ ချစ်ခင်စုံမက်ခြင်း၊ မေတ္တာကြိုးဖြစ်လာ၍ သူ၏ချစ်ခင်စုံမက်ခြင်းသည် သူ့ကိုကယ်တင်ရှင်၌မြဲမြံစွာချည်နှောင်ထားနိုင်လေသည်။ အကန့်အသတ်မရှိသောဘုရားသခင်၏သားတော်တည်းဟူသောလက်ဆောင်ကိုရရှိခြင်း၌ လက်ခံရရှိသောသူသည် ကိုယ်တော်ထံမှကျေးဇူးတော်ကိုရရှိကြောင်း ခိုင်မာသည့်ကျေးဇူးသိသောသဘောဖော်ပြရန်လိုသည်။ အကြင်သူသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာအလင်းကိုရရှိပါက ထိုမင်္ဂလာရှိသောအလင်းကို မှောင်မိုက်၌ရှိသောဝိညာဉ်များအပေါ်၌ အလင်းပေးရန် များစွာတာဝန်ရှိလေသည်။ R & H, May 16, 1882.

## ခရစ်တော်၏အကျင့်များကိုနှိုးကြားခြင်း

ကျွန်ုပ်တို့၏ကိုယ်ကျိုးရှာတတ်ခြင်းသဘောမှနိုးကြား၍ ခရစ်တော်၏အကျင့်များဖြစ်သော သနားခြင်း၊ ကရုဏာရှိခြင်း၊ ကြင်နာသိမ်မွေ့ခြင်းနှင့် ချစ်ခြင်းသဘောရှိနိုင်ရန် လူအပေါင်း

တို့အပေါ်သို့ ဒုက္ခဆင်းရဲခြင်းနှင့်ကြီးစွာသောဘေးအန္တရာယ်များ ကျရောက်စေရန် ဘုရားသခင်သည် အခွင့်ပေးတော်မူသည်။

ခရစ်တော်ယေရှုပြသခဲ့သော သနားကြင်နာမှုရှိခြင်းမျိုးကို ကျွန်ုပ်သည်လည်း ထိုနည်းတူပြသဖို့ရန် ခေါ်ခြင်းခံရသောအခါ မြင့်မြတ်သောမေတ္တာသည် အလွန်စိတ်နှလုံးထိရောက်စွာတိုက်တွန်းခြင်းကိုပြုမိသည်။ ကိုယ်တော်သည် ဒုက္ခဆင်းရဲခြင်းရောက်သောသူတစ်ယောက်ဖြစ်၍ ပူဆွေးခြင်းနှင့်တွေ့ဆုံရမည်။ ကျွန်ုပ်တို့သည် ညှဥ်းပန်းနှိပ်စက်ခြင်းခံနေရသောအချိန်၌ ကိုယ်တော်သည် ညှဥ်းပန်းခြင်းခံရ၏။ မိမိအသွေးဖြင့်ဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ကိုယ်တော်သည် လူအပေါင်းတို့ကို ချစ်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားပြောဆိုသည်မှာ "သင်တို့အား ငါသည် ပညတ်သစ်ကိုပေး၏။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။ သင်တို့သည် အချင်းချင်း ချစ်စေခြင်းငှာ ဤပညတ်တို့ကိုငါပေး၏။" R & H, Sept. 13, 1906.

## အမြင့်ဆုံးသောကျက်သရေ၊ အကြီးဆုံးသောပျော်မွေ့ခြင်း

ဘုရားသခင်သည် စကြဝဠာကြီး၏အသက်၊ အလင်းနှင့် ပျော်မွေ့ခြင်းတည်ရာမူလဖြစ်သည်။ နေမှလာသောရောင်ခြည်



အလင်းကဲ့သို့ ကိုယ်တော်ဖန်ဆင်းထားသောသတ္တဝါအပေါင်းတို့ထံသို့ ကောင်းချီးမင်္ဂလာများစီးဆင်းသွားသည်။ ကိုယ်တော်၏ကြီးကျယ်သောမေတ္တာတော်၌ ကိုယ်တော်သည် လူအား မြင့်မြတ်သောစိတ်သဘောကို ယူတင်ဝတ်ဆောင်ရန် အခွင့်အရေးပေးသည်။ ထိုရရှိသောကောင်းချီးမင်္ဂလာများကို အချင်းချင်းတို့အားပေးကမ်းရမည်။ ဤအရာသည် အမြင့်ဆုံးဂုဏ်၊ အကြီးဆုံးသောပျော်ရွှင်ခြင်းဖြစ်၍ ဘုရားသခင်သည် လူအပေါ်၌ချပေးရန်တတ်နိုင်တော်မူသည်။ ထိုသို့သောသူများသည် သူတို့၏ဖန်ဆင်းရှင်ထံသို့ အနီးဆုံးရောက်ရှိလာ၍ ဤနည်းအားဖြင့် သူတို့သည် ချစ်ခြင်းမေတ္တာအလုပ်၌ ပါဝင်ဆက်ဆံသောသူများဖြစ်လာနိုင်သည်။ "ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူ" ဖြစ်ဖို့ရန် ငြင်းပယ်သောသူသည် မိမိကိုယ်ကျိုးအတွက် အလိုလိုက်နေသောသူဖြစ်၍ အချင်းချင်းတို့၏ချို့တဲ့ခြင်းကို လျစ်လျူရှုနေသည်။ စေးနဲသူသည် ဤနေရာ၌ သူ၏ဘဏ္ဍာဥစ္စာကိုစုပုံထား၍ သူ့အား ဘုရားသခင်ချပေးသည့်အကြွယ်ဝဆုံးသောကောင်းချီးမင်္ဂလာကို သူ့အဖို့ချုပ်ကိုင်ထားလျက်ရှိသည်။ R & H, Dec. 6, 1887.

–o–

## (၄) ခရစ်တော်နှင့်စာတန်၏ကြား၌ဆန့်ကျင်ဘက် ဖြစ်နေသည့်ကျင့်ဝတ်များ

လူသားတို့သည် ကြီးသောအိမ်ထောင်တစ်ခုနှင့်သက်ဆိုင်သည့် ဘုရားသခင်၏အိမ်ထောင်ဖြစ်သည်။ သူတို့သည် တစ်ဦးကိုတစ်ဦးရိုသေခြင်း၊ ချစ်ခင်ခြင်းရှိရမည်ဟု ဖန်ဆင်းရှင်သည် စီမံထားတော်မူသည်။ ချမ်းသာကောင်းစားခြင်း၌ တစ်ဦးနှင့်တစ်ဦးသန့်ရှင်း၍ ကိုယ်ကျိုးမရှာသောစိတ်သဘောမျိုးထားရှိရကြမည်။ သို့သော်လည်း စာတန်၏ရည်ရွယ်ချက်၌ လူသည် မိမိကိုယ်တိုင်ကောင်းစားရေးကိုသာဦးစားပေးရန် သူ၏အုပ်စိုးခြင်းခံ၍ မိမိကိုယ်ကျိုးကိုသာရှာဖွေခဲ့သောကြောင့် ကမ္ဘာကြီးသည် ရှုပ်ထွေးခြင်းနှင့်ခိုက်ရန်ဒေါသဖြစ်ခြင်းတို့ဖြင့်ပြည့်ဝနေသည်။ လူတစ်ဦးနှင့်တစ်ဦးရန်ဘက်ပြုလျက်နေကြသည်။

ကိုယ့်အကျိုးကိုကြည့်ရှုတတ်ခြင်းသည် ကောင်းမှုခေါင်းပါးခြင်း၏အကြောင်းပင်ဖြစ်သည်။ လူတို့သည် ၎င်း၏တန်ခိုးကိုအညံ့ခံသောကြောင့် ယနေ့လောကကြီး၌ ဘုရားသခင်၏သစ္စာတော်ကို စောင့်သိရိုသေခြင်းမရှိကြောင်းတွေ့မြင်ရသည်။ နိုင်ငံများ၊ အိမ်ထောင်များနှင့် တစ်ဦးချင်းတို့သည် မိမိကိုယ်ကို အလယ်ဗဟိုချက်တစ်ခုပြုလုပ်ဖို့ရန် ဆန္ဒရှိကြသည်။ လူသည်





အချင်းချင်းအပေါ်၌ အုပ်စိုးဖို့ရန်တောင့်တနေသည်။ ငါတည်းဟူသောမာနဖြင့် မိမိကိုယ်ကို ဘုရားသခင်နှင့်အချင်းချင်းထံမှ ထွက်ခွာလာလျက် သူ၏ချုပ်တည်း၍မရသောအလိုနောက်သို့ လိုက်ပါသွားလေသည်။ အခြားသောသူများတို့၏ကောင်းစားရေးသည် သူ၏ကြီးမြတ်ခြင်းကို ခံဝန်ခြင်းကြောင့်ဖြစ်သည်ဟု သူ၌ ထင်မြင်ခြင်းရှိလေသည်။

ကိုယ့်အကျိုးကိုရှာဖွေခြင်းသည် အသင်းတော်၌စိတ်ဝမ်းကွဲပြားခြင်းဖြစ်ပွားလာ၍ သန့်ရှင်းခြင်းမရှိသော အထူးကြီးမြင့်ထင်ပေါ်လိုသောဆန္ဒများနှင့်ပြည့်ဝစေသည်။ ကိုယ့်အကျိုးကို ရှာဖွေခြင်းသည် ခရစ်တော်နှင့်တူခြင်းကိုဖျက်ဆီးပစ်၍ လူအား မိမိကိုယ်ကိုချစ်ခြင်းဖြင့် ဖြည့်ပေးလိုက်သည်။ ၎င်းသည် ဖြောင့်မတ်ခြင်းမှ အဆက်မပြတ်ထွက်ခွာသွားခဲ့သည်။ "ကောင်းကင်ဘုံ၌ရှိသောသင်တို့၏အဘသည် စုံလင်သကဲ့သို့ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့" ဟု သခင်ခရစ်တော် မိန့်တော်မူသည်။ မိမိကိုယ်ကိုချစ်ခြင်းသည် ဘုရားသခင်အလို ရှိသောစုံလင်ခြင်းကိုမတွေ့မြင်ပေ။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုဖော်ပြရန် ခရစ်တော်သည် ဤလောကသို့ဆင်းသက်လာခဲ့သည်။ ကိုယ်တော်၏

နောက်လိုက်များသည် ကိုယ်တော်အစပြုခဲ့သောအလုပ်ကို ဆက်လက်လုပ်ကိုင်ကြရမည်။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ကြိုးစား၍မစခြင်း၊ အားပေးခြင်းပြုကြစို့။ အခြားသူများကောင်းစားဖို့ရန်ရှာဖွေခြင်းသည် မှန်သောပျော်ရွှင်ခြင်းကိုတွေ့နိုင်သောလမ်းဖြစ်သည်။ ဘုရားသခင်နှင့်လူအချင်းချင်းကို ချစ်ခြင်းအားဖြင့် လူသည် မိမိစိတ်ဝင်စားသောအရာကို ဆန့်ကျင်ဘက်မပြုပေ။ သူ၏စိတ်သည် ကိုယ်ကျိုးရှာဖွေခြင်းမရှိပါက သူ၌ပျော်ရွှင်ခြင်းပို၍ရမည်။ အကြောင်းမှာ သူသည် သူ့အဖို့ဘုရားသခင်၏အကြံအစည်ကိုဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်သည် သူ့အထဲ၌ဝင်လာ၍ သူ၌ပျော်မွေ့ခြင်းနှင့်ပြည့်ဝနေသည်။ ဘုရားသခင်ပေးအပ်တော်မူသောအသက်တာသည် သူ့အဖို့အလွန်သန့်ရှင်း၍ အဖိုးထိုက်တန်သည်။ အခြားသူများအတွက် အထောက်အကူဆောင်ရွက်ရန်ပေးအပ်တော်မူ၏။ R & H, June 25, 1908.

## မညီညာသောတိုက်လှန်ခြင်း

ကိုယ့်အကျိုးကိုကြည့်ရှုတတ်ခြင်းသည် လူ၏စိတ်ဓာတ်ကိုတွန်းခြင်းများတွင် ခွန်အားအရှိဆုံးနှင့် အများနှင့်အသက်



ဆိုင်ဆုံးဖြစ်သည်။ စိတ်တိုက်ခိုက်နေရသောတစ်ဖက်မှ ကိုယ်ချင်းစာနာတတ်ခြင်းနှင့် အခြားတစ်ဖက်မှတပ်မက်မောခြင်းသည် မညီညာသောတိုက်လှန်ခြင်းပင်ဖြစ်သည်။ ကိုယ့်အကျိုးကိုရှာကြံခြင်းသည် စိတ်တပ်မက်ခြင်း၌ ခွန်အားအကြီးဆုံးဖြစ်ရာ၊ ချစ်ခြင်းမေတ္တာနှင့်ကောင်းမှုပြုလိုသောသဘောသည် ရံဖန်ရံခါ ခွန်အားအနည်းဆုံးဖြစ်နေတတ်သည်။ ဖြစ်မြဲအတိုင်း မကောင်းမှုသည် အောင်မြင်ခြင်းကိုရရှိခဲ့လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်အတွက်လုပ်ဆောင်၍ လက်ဆောင်ပဏ္ဏာများကိုပေးကမ်းသောအခါ အတွေ့နှင့်စိတ်ဓာတ်ကိုတွန်းခြင်း၏အုပ်စိုးခြင်းကိုခံလျှင် ဘေးကင်းမည်မဟုတ်ပေ။

ကျွန်ုပ်တို့၏ကိုယ်ချင်းစာနာတတ်သောစိတ်သည် လှုပ်ရှားလာသောအခါ ပေးကမ်းခြင်း (သို့မဟုတ်) လုပ်ဆောင်ခြင်းကိုပြုကြသည်။ စိတ်၌ထကြွခြင်းမရှိသောအခါ လက်ဆောင်ပေးခြင်း (သို့မဟုတ်) လုပ်ကိုင်ပေးခြင်းကိုမပြုလုပ်ကြပေ။ ဤကဲ့သို့ပြုလုပ်ခြင်းသည် မိုက်မဲ၏။ ဘေးအန္တရာယ်များသောလမ်းစဉ်ဖြစ်သည်။

လူသားတို့၏စေတနာနှင့်ထောက်ထားစာနာမှုအရသာပေးကမ်းရာတွင် သူတစ်ပါး၏ကျေးဇူးမသိမှုနှင့်စွန့်ကြဲပေးကမ်းသောပစ္စည်းများကို ဖြုန်းတီးမှုနှင့်အလွဲသုံးခြင်းကိုတွေ့ရှိပါက

စေတနာစိတ်နှင့်ပေးကမ်းစွန့်ကြဲလိုစိတ်များသည် ခန်းခြောက်သွားနိုင်ပေမည်။ ခရစ်ယာန်များသည် ကယ်တင်ရှင် မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်အနစ်နာခံခြင်းပုံသက်သေကိုကြည့်ရှု၍ သတ်မှတ်ထားသောကျင့်ဝတ်မှလုပ်ဆောင်ရမည်။ R & H, Dec. 7, 1886.

## ခရစ်တော်၏သွန်သင်ခြင်း၌ထူးကဲထင်ရှားသည့်အခြင်းအရာ

မိမိကိုယ်ကိုစွန့်ခြင်းသည် ခရစ်တော်၏သွန်သင်ခြင်း၌ထူးကဲထင်ရှားသည့်အခြင်းအရာဖြစ်သည်။ ရံဖန်ရံခါ ဤအချက်သည် ယုံကြည်သောသူတို့၏စိတ်၌ အာဏာပေးသောအသံဖြင့် ပြောနေသည်ဟု ထင်မှတ်ကြသည်။ အကြောင်းမှာ လူကိုကယ်တင်ခြင်းပေးရာ၌ သူတို့၏ကိုယ်ကျိုးရှာတတ်ခြင်းကို ဤနည်းဖြင့်သာပြောဆိုရပေမည်။ ခရစ်တော်သည် ဤကမ္ဘာပေါ်၌ သက်တော်ထင်ရှားရှိစဉ်အချိန်၌ ပေးကမ်းခဲ့သည်။ ကိုယ်တော်သည် ဧဝံဂေလိတရားတော်၏တန်ခိုးကိုမှန်ကန်စွာသက်သေပြခဲ့သည်။ အပြစ်ကိုခုခံရာ၌ ကိုယ်တော်နှင့်အတူဒုက္ခခံသောဝိညာဉ်တိုင်း၊ ကိုယ်တော်၏အမှုတော်အတွက်လုပ်ဆောင်ခြင်း၊ အခြားသူများကောင်းစားဖို့ရန် မိမိကိုယ်ကိုငြင်းပယ်ခြင်း ထိုသို့သောသူများတို့အား ကိုယ်တော်သည် ထာဝရဖြောင့်မတ်ခြင်းကို



ဆုအဖြစ်ရရှိဖို့ရန် ကတိတော်ထားသည်။ ကိုယ်တော်၏အသက်တာအလုပ်ကို သိမ်းခြားထင်ရှားသောစိတ်ဓာတ်ဖြင့် ကျွန်ုပ်တို့သည်ပြသသောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏သဘောကိုယူတင်ဝတ်ဆောင်သောသူများဖြစ်လာရပေမည်။ အခြားသောသူများအဖို့ ဤအသက်တာ၌ ကိုယ်တော်နှင့်အတူစွန့်စားသောကြောင့် နောင်အသက်တာ၌ ကိုယ်တော်နှင့်အတူ "သာလွန်ကြီးမြတ်၍ ထာဝစဉ်တည်သောဘုန်းတော်" ကိုဝင်စားရကြမည်။ R & H, Sept. 28, 1911.

## ကိုယ့်အကျိုးကိုရှာဖွေခြင်း၏အသီးများ

မိမိတို့ကိုယ်ကိုလိုချင်တပ်မက်မောသောစိတ်၏အုပ်စိုးခြင်းကိုခံယူသောသူများတို့သည် သူတို့၏အကျင့်၌ထူးခြားသောအမှုအရာများပေါ်လာသောကြောင့် ကောင်းကင်နိုင်ငံတော်၏စာအုပ်များ၌ သူတို့ကို ဘုရားသခင်ကိုမသိသောသူတို့ကဲ့သို့နာမည်စာရင်းသွင်းခြင်းခံရလိမ့်မည်။ ဤကဲ့သို့သောသူများတို့ကိုသူခိုးများ၊ ကဲ့ရဲ့ပြစ်တင်သောသူများ၊ ခြောက်လှန့်တောင်းယူသောသူများနှင့်တန်းတူထား၍ ထိုကဲ့သို့သောသူများသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရဟု ထာဝရဘုရားမိန့်တော်မူ

သည်။ "မတရားသောသူသည် မိမိစိတ်အလို၌ဝါကြွားတတ်ပါ၏။ လောဘကြီးသောသူသည် ထာဝရဘုရားကိုပယ်၍ မထီမဲ့မြင်ပြုတတ်ပါ၏။" တပ်မက်မောခြင်းများသည် အစဉ်သဖြင့် ခရစ်ယာန်ကောင်းမှုပြုလိုသောသဘောနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ကိုယ့်အကျိုးရှာဖွေခြင်းသဘောသည် တာဝန်ဝတ္တရားကိုလျစ်လျူရှုခြင်းများ၌ပေါ်လွင်လျက်ရှိ၍ ဘုရားသခင်အမှုတော်တိုးတက်ဖို့ရန် အပ်ထားသောဆုကျေးဇူးများကိုအသုံးပြုရန်ပျက်ကွက်ခြင်းကြောင့်ဖြစ်သည်။ R & H, Dec. 1, 1896.

## ဘုရားသခင်ကိုကြည်ညိုမှုပျက်ကွက်ခြင်း

ခရစ်တော်သည် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်သည်။ ကိုယ်တော်သည် မိမိ၏အသက်ကို ကျွန်ုပ်တို့အဖို့ ယဇ်ကောင်တစ်ကောင်အနေဖြင့် ပေးကမ်းတော်မူ၍ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏အသက်ကို အခြားသူများအဖို့စွန့်ရန် ကိုယ်တော်တောင်းဆိုတော်မူသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ စာတန်ထည့်သွင်းလိုသော ကိုယ့်အကျိုးရှာဖွေခြင်းကို ဤနည်းဖြင့်ထုတ်ပစ်နိုင်သည်။ ဤကိုယ့်အကျိုးရှာဖွေခြင်းသည် ဘုရားသခင်ကိုကြည်ညိုခြင်းအားလုံးကိုပျက်ပြယ်စေသည်။ ဘုရားသခင်ကို



ချစ်ခြင်းနှင့်အချင်းချင်းကိုချစ်ခြင်းပြသခြင်းသာလျှင် အောင်မြင်ခြင်းကိုရနိုင်သည်။ ခရစ်တော်သည် ကိုယ့်အကျိုးကြည့်ရှုတတ်သောသူတစ်စုံတစ်ယောက်ကိုမျှ ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ပေးမည်မဟုတ်။ တပ်မက်မောသောသူမှန်သမျှ ပုလဲတံခါးဝကိုကျော်လွန်၍မသွားရ။ တပ်မက်မောခြင်းအားလုံးသည် အယူမှားခြင်းဖြစ်သည်။ R & H, July 11, 1899.

-o-

## (၅) ခရစ်တော်တည်ရှိသောစွန့်ကြဲပေးကမ်းခြင်း

စိတ်နှလုံးထဲ၌ စုံလင်သောဘုရားသခင်၏ချစ်ခြင်းမေတ္တာရှိပါက အံ့သြဖွယ်ရာကောင်းသောအရာများပြီးမြောက်လိမ့်မည်။ ယုံကြည်သောသူတို့၏စိတ်နှလုံးထဲ၌ ခရစ်တော်သည် ကိန်းအောင်း၍ အသက်စမ်းရေတွင်းသည် ထာဝရအသက်တာသို့တိုင်အောင် ထွက်စီးလာလိမ့်မည်။ သို့သော်လည်း လူတို့ဒုက္ခခံစားနေရခြင်း၌ ဂရုမစိုက်သောသူများတို့ကို ကိုယ်တော်ကြောင့် ဒုက္ခခံစားနေရသောသန့်ရှင်းသူများအား ဂရုမစိုက်သကဲ့သို့ စွဲဆိုခြင်းခံရကြမည်။ ကိုယ့်အကျိုးရှာခြင်းနှင့်ကိုယ့်အဖို့လောက်ကိုသာ ကြည့်ရှုတတ်ခြင်းထက် အသက်ဝိညာဉ်ကို လျင်မြန်စွာခန်းခြောက်စေသောအခြားအရာမရှိတော့ပေ။

ခရစ်တော်သည် မိမိ၏အသက်ကိုစွန့်တော်မူခဲ့သောအသက်ဝိညာဉ်နှင့်ကိုယ်ကာယတို့ကို စောင့်ရှောက်ကြည့်ရှုဖို့ရန် ပျက်ကွက်နေသောသူတို့သည် အသက်မုန့်ကိုမစား၊ ကယ်တင်ခြင်းနှင့်ဆိုင်သောစမ်းရေတွင်းမှအသက်ရေကိုသောက်ခြင်းမရှိကြပေ။ သူတို့သည် ခြောက်သွေ့၍ အရည်မရှိ၊ အသီးမသီးသောသစ်ပင်များနှင့်တူသည်။ သူတို့သည် ဝိညာဉ်ရေးနှင့်ဆိုင်နေသောလူပုကလေးများဖြစ်၍ သူတို့၏ကြေးငွေကို သူတို့အဖို့သာသုံး





ကြသည်။ "လူသည် မိမိစိုက်ပျိုးသည်အတိုင်း ရိတ်သိမ်းရလိမ့်မည်။"

ခရစ်ယာန်တို့၏ကျင့်ဝတ္တရားများသည် အစဉ်တွေ့မြင်နိုင်သောအခြေအနေ၌ရှိရလိမ့်မည်။ နည်းလမ်းပေါင်းတစ်ထောင်အားဖြင့် ကိုယ်ကျင့်ဝတ်များသည် ထင်ရှားခြင်းသို့ရောက်လိမ့်မည်။ အသက်ဝိညာဉ်၌ ခရစ်တော်ကိန်းအောင်းခြင်းသည် ခန်းခြောက်ခြင်းမရှိသောစမ်းရေတွင်းဖြစ်သည်။ R & H, Jan. 15, 1895.

## ခရစ်တော်ကိုစိတ်နှလုံးထဲ၌အုပ်စိုးစေသောအခါ

ဘုရားသခင်သည် လူအား ဥစ္စာခနေအပ်နှံထားသောအခါ လူသည် မြေကြီးဘဏ္ဍာကိုအသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့ကယ်တင်ရှင်ခရစ်တော်၏သွန်သင်ဆုံးမခြင်းဩဝါဒကိုတန်ဆာဆင်၍ ဘုရားသခင်၏နိုင်ငံတော်တိုးတက်ဖို့ရန် အသုံးချဖို့ဖြစ်သည်။ လူသည် ခရစ်တော်ကိုဖော်ပြရမည်။ သို့ဖြစ်၍ မိမိကိုယ်ကိုချီးမြှောက်၍ ကျေးဇူးပြုရန်မဟုတ်။ သူသည် ကြွယ်ဝသောကြောင့် ဂုဏ်ပြုခြင်းခံယူရန်မဟုတ်။

စိတ်နှလုံးကို အပြစ်မှဆေးကြောစင်ကြယ်ပြီးသောအခါ တစ်ချိန်ကကိုယ့်စိတ်အလိုသို့လိုက်ခြင်းနှင့် လောကစည်းစိမ်ကို တပ်မက်မောခြင်းနေရာ၌ ခရစ်တော်ကိုတင်မြှောက်သည်။ ခရစ်တော်၏ပုံသဏ္ဍာန်ကို မျက်နှာ၌တွေ့မြင်ရသည်။ အသက်ဝိညာဉ်၌ သန့်ရှင်းစင်ကြယ်ခြင်းအလုပ်လုပ်ကိုင်လေသည်။ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်မြင်ခြင်းသည် ပျောက်ကွယ်သွားခဲ့သည်။ ဖြောင့်မတ်ခြင်း၊ မှန်ကန်သောသန့်ရှင်းခြင်းနှင့် ခရစ်တော်ဖန်ဆင်းတော်မူခဲ့ခြင်းသည် လူသစ်၌ယူတင်ဝတ်ဆောင်ထားသည်ကိုတွေ့မြင်ရသည်။ R & H, Sept. 11, 1900.

## တပ်မက်မောခြင်းနှင့်စိတ်အလိုကြီးခြင်းကိုအောင်မြင်ခြင်း

သူဌေးသူကြွယ်များသည် မိမိတို့၌ရှိသမျှကို ဘုရားသခင်ထံတော်၌ပေးအပ်ထားခြင်းရှိရမည်။ အကြင်သူသည် သမ္မာတရားအားဖြင့် ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ်နှင့်ဝိညာဉ်ကို သန့်စင်ပြုထားပါက ထိုသူသည် မိမိဥစ္စာပစ္စည်းကို ဘုရားသခင်ထံ၌လုံးလုံးအပ်ထားလိမ့်မည်။ အခြားသောအသက်ဝိညာဉ်များကိုကယ်ဆယ်ဖို့ရန် ကိုယ်စားလှယ်ဖြစ်လာလိမ့်မည်။ သူတို့၏ဗဟုသုတနှင့်ပုံသက်သေအားဖြင့် ခရစ်တော်၏ကျေးဇူးတော်သည် တပ်မက်



မောခြင်းနှင့် စိတ်အလိုကြီးခြင်းကို အောင်မြင်နိုင်ဖို့ရန် တန်ခိုးရှိကြောင်း ပြသလိမ့်မည်။ ဘုရားသခင်သည် သူ၌အပ်ထားသောပစ္စည်းများကို ဘုရားသခင်အားပေးအပ်သော ထိုသူဌေးသူကြွယ်သည် သစ္စာရှိသောဘဏ္ဍာထိန်းဟု မှတ်ယူခြင်းခံရ၍ သူ၏လက်ဝယ်၌ရှိသောကျပ်ငွေတိုင်း၌ ဘုရားသခင်၏ပုံတော်နှင့်ကမ္ပည်းလိပ်စာနှိပ်ခတ်ထားကြောင်းကို အခြားသောသူများအားပြသနိုင်လိမ့်မည်။ R & H, Sept. 19, 1893.

–o–

## (၆) လက်တွေ့တရားများဟောပြောခြင်း

သန့်ရှင်းသူများကို ထောက်ပံ့ရန်နှင့် ဘုရားသခင်၏ နိုင်ငံတော်တိုးတက်စေအံ့သောငှာ လက်တွေ့တရားများဟောပြောရပေမည်။ ၎င်းတရားများကို ဟောပြောသောသူသည် ဘုရားသခင်၏ကျေးဇူးတော်ကို အချည်းနှီးမခံယူကြောင်းကို သက်သေခံသည်။ ကိုယ်ကျိုးမရှာဖွေသောအကျင့်သည် အသက်ရှင်နေသော ပုံသက်သေဖြစ်၍ ခရစ်တော်၏ပုံသက်သေလည်းဖြစ်သောကြောင့် လူတို့အပေါ်၌ အလွန်တန်ခိုးကြီးသည်။ ကိုယ့်အဖို့အသက်မရှင်သောသူသည် မိမိတို့အလိုရှိသောအရာပစ္စည်းများကိုဝယ်ယူခြင်းဖြင့် ရှိသမျှသောကြေးငွေကိုသုံးပစ်ကြမည်မဟုတ်။ သူတို့သည် ခရစ်တော်၏နောက်လိုက်များဖြစ်ကြ၍ အစားအစာနှင့် အဝတ်အထည်များလိုအပ်နေသောသူအများအပြားရှိကြောင်း သတိပြုကြမည်။

အစားတွင်တပ်မက်ခြင်း၊ ကိုယ်ကျိုးဆန္ဒပြည့်ဝစေရန် အသက်ရှင်သောသူတို့သည် ဘုရားသခင်၏ကျေးဇူးပြုခြင်းကို မခံရဘဲ ကောင်းကင်နိုင်ငံတော်၏ဆုလာဘ်ကိုလည်း ဆုံးရှုံးခံရလိမ့်မည်။ သူတို့၌ စစ်မှန်သောယုံကြည်ခြင်းမရှိကြောင်း လောကကြီးရှေ့၌သက်သေခံ၍ အခြားသောသူတို့အား ခေတ်နှင့်





ဆိုင်သော သမ္မာတရားကိုသိကျွမ်းခြင်းကိုဝေငှဟောပြောအခါ သူတစ်ပါးသည် သူတို့၏စကားကိုအသံမြည်သောတံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုပေးတတ်သောလင်းကွင်းကဲ့သို့လည်းကောင်း သဘောထားကြလိမ့်မည်။ လူတိုင်း မိမိတို့၏ယုံကြည်ခြင်းကို အကျင့်ဖြင့်ပြသကြပါစေ။ "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။" "တစ်ပါးတည်းရှိသောကြောင့် သင်၏ချစ်ခြင်းကိုလည်းကောင်း၊ သင်တို့အဖို့ ငါတို့ဝါကြွားထားခြင်းကိုလည်းကောင်း သူတို့နှင့်အသင်းတော်များရှေ့၌ပြလော့။" R & H, Aug. 21, 1894.

## အခက်ဆုံးသောတရားဟောချက်

အခက်ဆုံးသောတရားဟောချက်နှင့် လက်တွေ့ကျင့်သုံးဖို့ရန် အခဲယဉ်းဆုံးကျင့်ဝတ်မှာ မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြစ်သည်။ စိတ်အလိုကြီးသောအပြစ်သား တစ်ကိုယ်ကောင်းစိတ်သည် ကောင်းမှုပြုရန် တံခါးပိတ်လျက် ကောင်းမှုကိုမပြုလုပ်၊ အကြောင်းမှာ မိမိကိုယ်ကျိုးအဖို့ ငွေကိုရင်းနှီးထားသောကြောင့်ဖြစ်သည်။ ခရစ်တော်၌အသက်မရှင်သောကြောင့် အပြစ်ထဲ၌ နစ်မွန်းဆုံးရှုံးပျက်စီးနေသောလူသားအချင်းချင်းအပေါ်၌

စိတ်ဝင်စားခြင်းမရှိ၊ ဂရုမစိုက်နေတတ်သောမည်သူတစ်စုံတစ်ယောက်မျှ ဘုရားသခင်၏ကျေးဇူးပြုခြင်းကိုခံယူ၍ ကယ်တင်ရှင်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းကို တစ်ချိန်တည်း မရရှိနိုင်ပေ။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အံ့ဩဖွယ်ကောင်းသောကိုယ်ကိုစွန့်ခြင်းပုံသက်သေကိုထားခဲ့သည်။

ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းလမ်းဖြင့် ကိုယ်တော်၏နောက်တော်သို့ ကျွန်ုပ်တို့လိုက်လျှောက်၍ လက်ဝါးကပ်တိုင်ကိုထမ်းဆောင်ပြီးလျှင် ခမည်းတော်ဘုရားသခင်၏အိမ်တော်သို့သွားရာတွင် ကျွန်ုပ်တို့၏အသက်တာ၌ ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်တာလုပခြင်းကိုပြသရကြမည်။ ဘုရားသခင်နှင့်အသက်ဝိညာဉ်တွေ့ဆုံသောနေရာ၊ ကိုယ့်ကိုကိုယ်စွန့်ခြင်းယဇ်ပလ္လင်၌ ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်မှအလင်းကိုရ၍ ၎င်းအလင်းသည် ခရစ်တော်အစဉ်ကိန်းအောင်းခြင်းလိုကြောင်းကို ဖော်ပြသည်။ R & H, Jan. 31, 1907.

## စိတ်နှလုံးကိုတိုးချဲ့၍ခရစ်တော်နှင့်ပူးပေါင်းပါ

ကယ်တင်ခြင်းပေးသောသမ္မာတရား၏အဖိုးထိုက်တန်သောအလင်းကိုတိုးချဲ့ရာ၌ ကိုယ်ကိုကိုယ်ငြင်းပယ်၍ ဆင်းရဲသား



တို့အားထောက်ပံ့ပေးကမ်းသောအလှူငွေများသည် ဘုရားသခင်ရှေ့တော်၌ အနံ့မွှေးကြိုင်သောနံ့သာပေါင်းဖြစ်သည်သာမက ပေးအပ်သောလက်ဆောင်ပဏ္ဏာအဖြစ် လုံးဝလက်ခံခြင်းရှိသည်။ ပေးကမ်းခြင်းအလုပ်သည် ပေးကမ်းသောသူ၏စိတ်နှလုံးကိုကြွယ်ဝစေ၍ သူ့ကိုကမ္ဘာကြီး၏ကယ်တင်ရှင်နှင့်ပြည့်စုံစွာပူးပေါင်းပေးသည်။ ကိုယ်တော်သည် ကြွယ်ဝသောအရှင်ဖြစ်တော်မူသည်။ သို့သော်လည်း ကျွန်ုပ်တို့အဖို့ကိုယ်တော်သည် ဆင်းရဲခံရသည်။ ကိုယ်တော်၏ဆင်းရဲခြင်းဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝခြင်းသို့ရောက်စေရန်ဖြစ်သည်။ အခြေအနေအကန့်အသတ်နှင့်နေထိုင်ရသောသူတို့၏စိတ်ပျော်ရွှင်စွာဖြင့်ပေးကမ်းသောအနည်းဆုံးသောအလှူငွေကိုပင် ဘုရားသခင်သည် ပြည့်စုံစွာလက်ခံတော်မူသည်။ ကိုယ်ကိုငြင်းပယ်ခြင်းမရှိ၊ လိုလေသေးမရှိသောသူဌေးသူကြွယ်များထောင်ချီ၍ ပေးကမ်းသောအလှူထက် ထိုအနည်းငယ်သောအလှူသည် ကိုယ်တော်၏ရှေ့တော်၌ သာ၍အဖိုးတန်သည်။ R & H, Oct. 31, 1878.

## ဝမ်းမြောက်ဝမ်းသာစိတ်ထက်သန်စွာပေးကမ်းခြင်း

ခရစ်ယာန်၏ရက်ရောခြင်းစိတ်ကို လေ့ကျင့်ပေးသောအခါ ပေးကမ်းခြင်းစိတ်သည် တိုးတက်ခြင်းရှိလိမ့်မည်။ ခရစ်တော်၏

စိတ်မျိုးပိုင်ဆိုင်သောသူအားလုံးတို့သည် ဝမ်းမြောက်ဝမ်းသာစိတ်ထက်သန်စွာဖြင့် သူတို့၏လက်ဆောင်ပဏ္ဏာများကို ကိုယ်တော်၏ဘဏ္ဍာတိုက်ထဲသို့သွင်းကြလိမ့်မည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာလှုံ့ဆော်ခြင်းနှင့် ကိုယ်တော်အသေခံတော်မူခဲ့သောဝိညာဉ်များတို့အဖို့ သူတို့သည် သူတို့လုပ်ကိုင်ရမည့်တာဝန်ကို သစ္စာရှိစွာဖြင့်လုပ်ကိုင်ကြလိမ့်မည်။ R & H, May 16, 1893.

–ဝ–

# (၇) ဘုရားသခင်၏အမှုတော်ကိုဆက်လက်တည်ရှိထားခြင်း

အသက်တာ၏ခေတ္တပေးထားသောနှစ်များသည် ထာဝရကုန်ဆုံးခြင်းသို့ရောက်ရှိသွားခဲ့သည်။ ဘုရားသခင်၏နေ့ရက်ကြီးသည် ကျွန်ုပ်တို့အပေါ်သို့ရောက်လျက်ရှိသည်။ ကျွန်ုပ်တို့၌ရှိသောခွန်အားရှိသမျှဖြင့် အပြစ်ကိုကျူးလွန်၍ အပြစ်၌နစ်မွန်းနေသောသူများကို ယခုအချိန်၌နိုးရမည်။

ယခုအချိန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ချက်များကို သတိပြုရမည့်အချိန်အခါဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပညတ်ထားသောအရာရှိသမျှသည် ကျွန်ုပ်တို့ကောင်းစားဖို့ရန်ဖြစ်သည်။ အရှင်ဧမာနွေလ၏သွေးစွန်းနေသောအလံတော်အောက်၌ရှိသောသူအပေါင်းတို့အား သူတို့သည် ဘုရားသခင်၌သာအားကိုးနေရ၍ ကိုယ်တော်ကိုသာလျှင် ထုချေရှင်းလင်းရန်ဖြစ်သည်။ ကိုယ်တော်အပ်ထားသောအရာထဲမှအချို့ကို ကိုယ်တော်အားပြန်၍ပေးအပ်ရမည်။ ခရစ်တော်သည် မိမိ၏တပည့်တော်များအား အမိန့်ပေးထားသောအလုပ်တိုးတက်ဖို့ရန် ဤကြေးငွေကိုအသုံးပြုရမည်ဖြစ်သည်။

ကြေးငွေနှင့် ဆက်ကပ်ခြင်းလို အပ်သောအလုပ်ကို လုပ်ကိုင်ရန် ဘုရားသခင်၏လူများကိုခေါ်တော်မူသည်။ ကျွန်ုပ်တို့အပေါ်၌တင်ထားသောတာဝန်သည် ကျွန်ုပ်တို့ခွန်အားရှိသမျှနှင့် ဆောင်ရွက်လုပ်ကိုင်ရန် တာဝန်ဝတ္တရားတစ်ခုပင်ဖြစ်သည်။ စိတ်နှလုံး၊ ဝိညာဉ်၊ စိတ်နှင့် ခွန်အားကွဲပြားခြင်းမရှိ၊ တစ်လုံးတစ်စည်းတည်းလုပ်ကိုင်ရန် ကိုယ်တော်ခေါ်တော်မူသည်။

စကြဝဠာတစ်ခုလုံး၌ ကျွန်ုပ်တို့၏ဘဏ္ဍာကိုသိထားနိုင်သောနေရာနှစ်နေရာသာရှိသည်။ ဘုရားသခင်၏ဘဏ္ဍာတိုက်၌မသိထားလိုပါက စာတန်၏ဘဏ္ဍာတိုက်၌သိထားရမည်။ ဘုရားသခင်၏အမှုတော်အဖို့ လုံးလုံးအပ်ထားခြင်းမရှိပါက စာတန်ဘက်၌ရှိသည်ဟုယူဆ၍ စာတန်၏အလုပ်ကို ခိုင်ခံ့အောင်ပြုလုပ်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့ထံ၌ ယုံကြည်၍အပ်ထားသောကြေးငွေများသည် ကိုယ်တော်၏နိုင်ငံတော်ကို ဆောက်တည်ခြင်း၌အသုံးချရန် ဘုရားသခင်သည် စီမံထားသည်။ ကိုယ်တော်၏ဘဏ္ဍာစိုးများသည် သတိကြီးစွာဖြင့်စီမံရန် ဘုရားသခင်သည် ကုန်ပစ္စည်းများကိုအပ်နှံထားသည်။ အသက်ဝိညာဉ်များကို အောင်မြင်ခြင်းဖြင့် ကျေးဇူးပေးဆပ်ရကြမည်။ ဤအသက်ဝိညာဉ်များသည် ယုံကြည်၍ အပ်နှံထားသောဘဏ္ဍာစိုးများဖြစ်လာ၍ ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်ဖို့ရန် ခရစ်တော်နှင့်ပူးပေါင်းရမည်။



## ပေးကမ်းဖို့ရန်စံယူခြင်း

အသင်းတော်၌လှုပ်ရှားမှုရှိသောအခါတိုင်း တိုးတက်ခြင်းနှင့်ကြီးပွားခြင်းရှိသည်။ အစဉ်အပြန်အလှန်ယူခြင်းနှင့်ပေးကမ်းခြင်းလည်းရှိသည်။ လက်ခံခြင်းနှင့်ဘုရားသခင်ပိုင်သောအရာကိုပြန်၍ပေးခြင်းလည်းရှိသည်။ မှန်ကန်သောယုံကြည်သူတိုင်းတို့အား ဘုရားသခင်သည် အလင်းနှင့်ကောင်းချီးမင်္ဂလာကိုဝေမျှသည်။ ဤရရှိသောအရာကို ယုံကြည်သောသူသည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်စဉ် အခြားသောသူများကိုဝေမျှပေးသည်။ မိမိရရှိသောအရာကို သူသည်ပေးကမ်းခဲ့ရာ သူ၏ခံယူခြင်းအတိုင်းအဆသည် တိုးတက်ခဲ့လေသည်။ အသစ်သောကျေးဇူးတော်နှင့် သမ္မာတရားကိုခံယူဖို့ရန် နေရာကိုပြင်ဆင်သည်။ သာ၍ကြည်လင်သောအလင်းနှင့် တိုးတက်လာသောအသိဉာဏ်သည် သူ့အဖို့ဖြစ်သည်။ ဤပေးကမ်းခြင်းနှင့်ရရှိခြင်းပေါ်၌ အသင်းတော်၏အသက်နှင့်ကြီးပွားခြင်းသည် အမှီပြုနေသည်။ ခံယူရရှိသောသူသည် မည်သည့်အခါမျှမပေးကမ်းပါက ရရှိခြင်းမရှိတော့ပေ။ သမ္မာတရားသည် သူ့ထံမှအခြားသူထံသို့မစီးသွားပါက သူရရှိသောအတိုင်းအတာဆုံးရှုံးသွားခဲ့လေသည်။ ကျွန်ုပ်

တို့သည် အသစ်သောကောင်းချီးမင်္ဂလာကိုရရှိလိုပါက ကောင်းကင်နိုင်ငံတော်၏ဆုကျေးဇူးများကို ဝေမျှရမည်။

ဘုရားသခင်သည် ဤလောကသို့ဆင်းသက်လာ၍ ကိုယ်တော်၏အမှုတော်တိုးတက်ဖို့ရန် ရွှေ၊ ငွေများကိုပုံအပ်ပေးမည်မဟုတ်။ ကိုယ်တော်သည် လူအား ဥစ္စာပစ္စည်းရတတ်သောဉာဏ်ကိုပေး၍ သူတို့၏လက်ဆောင်ပဏ္ဏာနှင့်အလှူငွေပေးကမ်းခြင်းဖြင့် ကိုယ်တော်၏အလုပ်ကိုတိုးတက်စေနိုင်သည်။ အခြားအရာများထက် ဘုရားသခင်ပေးသောလက်ဆောင်ပဏ္ဏာကိုသုံးရမည့်တစ်နေရာမှာ ရိတ်သိမ်းရမည့်လယ်၌ လုပ်ဆောင်နေကြသောအမှုဆောင်များကို ထောက်ပံ့ရန်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်၏ကောင်းချီးမင်္ဂလာသည် အခြားသောသူများထံသို့ စီးဆင်းနိုင်ရန် လူကိုအသုံးပြုတော်မူလျှင် ဘုရားသခင်သည် လူကိုအစဉ်ပေးကမ်းထောက်ပံ့ထားလိမ့်မည်။ လူသည် ဘုရားသခင်ပိုင်ဆိုင်သောအရာကို ပြန်၍ပေးရသောကြောင့် ဆင်းရဲသည်မဟုတ်။ မပေးဘဲထားခြင်းသည် ဆင်းရဲခြင်းသို့ရောက်စေသည်။

## စွှေတာခြင်းနှင့်စွန့်ကြဲခြင်းအချိန်တစ်ချိန်ရှိခြင်း

ဘုရားသခင်၏လူတို့သည် သူတို့လုပ်ကိုင်ရမည့်အလုပ်၌ နိုးကြားခြင်းရှိရန် ဘုရားသခင်ခေါ်တော်မူသည်။ ကိုယ်တော်၏



ဘုရားသခင်နှုတ်ကပတ်တော်မှမီးရောင်ခြည်များသည် ထွန်းလင်းလျက်ရှိသည်။ လုပ်ဆောင်ရမည့်ပျက်ကွက်သောအလုပ်များအတွက် ကျွန်ုပ်တို့၌တာဝန်ရှိသည်။ သူတို့သည် ၎င်းတာဝန်ကိုသိ၍ ဘုရားသခင်အား ကိုယ်တော်ပိုင်တော်မူသော ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုပေးသောအခါ လောကကြီးသည် ဘုရားသခင်သတ်မှတ်ထားသောသတင်းစကားကိုကြားနာဖို့ရန် လမ်းပွင့်သွားလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုချစ်ခြင်းရှိ၍ အသင်းသားတိုင်း ကိုယ်ကိုကိုယ်စွန့်ခြင်းစိတ်သဘောမျိုးဖြင့် စိတ်ဝင်စားခြင်းရှိပါက နေရင်းတိုင်းပြည်နှင့်နိုင်ငံခြားသာသနာပြုခြင်းအလုပ်၌ ကြေးငွေချို့တဲ့ခြင်းရှိမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ကြေးငွေအင်အားသည် များပြားတိုးတက်လာလိမ့်မည်။ အသုံးကျသောနည်းလမ်းပေါင်းထောင်ချီပေါ်လာ၍ ကျွန်ုပ်တို့ကိုလုပ်ကိုင်ဖို့ရန် ဖိတ်ခေါ်လိမ့်မည်။ ဘုရားသခင်၏အကြံအစည်တော်အတိုင်း ကမ္ဘာကြီးအား သနားကြင်နာမှုသတင်းစကားကို ပြောကြားခဲ့ပါက ခရစ်တော်သည် ကြွလာတော်မူခဲ့၍ သန့်ရှင်းသူများသည် ဘုရားသခင်၏မြို့တော်ထဲသို့ဝင်ဖို့ရန် ဖိတ်ခေါ်ခြင်းခံရကြပြီ။

အနစ်နာခံဖို့ရန် အချိန်ရှိသေးသည်ဟုဆိုပါက ထိုအချိန်သည် ယခုပင်ဖြစ်သည်။ ချစ်သောညီအစ်ကိုနှင့်နှမများတို့၊

သင်တို့၏အိမ်ထောင်၌ရွှေတာကြပါကုန်။ သင်တို့အမြတ်တနိုးထားသောအရာများကို ဘုရားသခင်ရှေ့တော်မှရှင်းလင်းပစ်လိုက်ပါ။ သင်နှစ်သက်နေသောပျော်ပါးခြင်းများကိုစွန့်ပစ်လိုက်ပါ။ သင်၏အိမ်ကိုတန်ဆာဆင်ခြင်းဖြင့် ငွေကိုမသုံးဖြုန်းရန် ကျွန်ုပ်တောင်းပန်ပါသည်။ သင်၏ငွေကို ဘုရားသခင်ပိုင်သည်။ ဘုရားသခင်ပိုင်သောငွေကို ဘုရားသခင်ထံ၌အသုံးစာရင်းပြရမည်။ ဘုရားသခင်၏ငွေဖြင့် သင်၏သားသမီးများနှစ်သက်သောအရာများကို ဝယ်ခြမ်းမပေးပါနှင့်။ သူတို့ပိုင်ဆိုင်သည်ဟုထင်မြင်သောအရာအားလုံးကို ဘုရားသခင်ပိုင်ဆိုင်တော်မူ၍ ထိုဘုရားသခင်ပိုင်ပစ္စည်းကို မည်သူမျှဖျက်ပယ်၍မရနိုင်ပေ။

ငွေသည်လိုအပ်သောဘဏ္ဍာဖြစ်သည်။ မလိုသောသူတို့အပေါ်၌ငွေကုန်မခံပါနှင့်။ အချို့သောသူတို့သည် သင့်ဆန္ဒဖြင့်ပေးသောလက်ဆောင်ကိုလိုသည်။ ကမ္ဘာပေါ်၌အချို့သောသူတို့သည် ဆာမွတ်၍ငတ်ပြတ်နေကြသည်။ သူတို့အားလုံးကို ကျွန်ုပ်မကျွေးနိုင်ဟုသင်ပြောဆိုပေမည်။ သို့သော်လည်း ခရစ်တော်၏ရွှေတာခြင်းသင်ခန်းစာများအတိုင်းပြုကျင့်ခြင်းဖြင့် သင်သည်တစ်ယောက်ကိုကျွေးမွေးနိုင်သည်။ "အကျန်အကြွင်းများကိုစုသိမ်းလော့။ မပျောက်ပျက်စေနှင့်။" ဤစကားများသည် ဆာမွတ်နေသောလူပရိသတ်အား အံ့ဖွယ်အမှုပြု၍ ကျွေးမွေးသောသခင်၏စကားများဖြစ်သည်။



သင်၌အသုံးအစွဲဖွာသောအလေ့အကျင့်ရှိလျှင် သင်၏အသက်တာမှချက်ချင်းဖြတ်တောက်ပစ်လိုက်ပါ။ ဤကဲ့သို့သာသင်မပြုလုပ်ပါက သင်သည် ထာဝရကာလပတ်လုံး ဥစ္စာကုန်ခန်းသူတစ်ယောက်ဖြစ်နေလိမ့်မည်။ အဖိုးတန်သောလက်ဆောင်ထက်ရွှေတာတတ်ခြင်း၊ ကြိုးစားမှုရှိခြင်း၊ စိတ်တည်ငြိမ်ခြင်းများသည်သင်၏ကလေးများအဖို့ သာ၍ကောင်းသောလက်ဆောင်များဖြစ်သည်။

ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်၌ ဧည့်သည်များနှင့်တစ်တိုင်းတစ်နိုင်ငံသားများဖြစ်ကြသည်။ ဘုရားသခင်အလိုတော်မရှိ၍ နိမ့်နင်းခိုင်းသောအရာများအတွက် ကျွန်ုပ်တို့အလိုဆန္ဒနောက်သို့လိုက်၍ ကျွန်ုပ်တို့၏ကြေးငွေကိုမဖြုန်းပါနှင့်။ ကျွန်ုပ်တို့၏ဆန္ဒများကိုကန့်သတ်၍ ယုံကြည်ခြင်းကိုထိုက်သင့်စွာဖော်ပြကြစို့။ ကျွန်ုပ်တို့၏အသင်းသားများသည် လူတစ်ယောက်အနေဖြင့်ထကြွကြစို့။ ဤနောက်ဆုံးအချိန်တွင် အလင်း၌လျှောက်လိုက်နေသောသူများကဲ့သို့ စိတ်အားထက်သန်စွာလုပ်ကိုင်ကြစို့။

မကုန်မဆုံးနိုင်သောဥစ္စာခနေကြေးငွေကို အလွန်အဖိုးထိုက်တန်သောအဆောက်အအုံများ၊ (သို့မဟုတ်) ဘဏ်တိုက်အစု

အစပ်ထဲ၌သာထည့်သွင်းစုဆောင်းထားပါက မည်သည့်တန်ဖိုးရှိသနည်း။ ဘုရားသခင်၏သားတော်တည်းဟူသော သခင်ခရစ်တော်သည် လူတို့အဖို့ သက်တော်စွန့်ခဲ့သည်။ ထိုအသက်ဝိညာဉ်များသည် ကယ်တင်ခြင်းရရှိဖို့ရန် ဤဥစ္စာပစ္စည်းများနှင့်နှိုင်းယှဉ်လိုက်သောအခါ ဤအရာများသည် ချိန်ခွင်၌မည်မျှအလေးချိန်ရှိသနည်း။ R & H, Dec. 24, 1903.

## အခွင့်အရေးတစ်ရပ်နှင့်တာဝန်ဝတ္တရားတစ်ခု

အရေးအကြီးဆုံးဖြစ်သောသမ္မာတရားကို လောကကမ္ဘာကြီး၌ ကြွေးကြော်ဟောပြောရန် ကျွန်ုပ်တို့အား တာဝန်ပေးအပ်ခြင်းခံရသည်။ ဤသမ္မာတရားများကိုကြွေးကြော်ရခြင်းသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ ကမ္ဘာကြီးသည် သတိပေးခြင်းကိုခံရမည်။ ဘုရားသခင်၏သားသမီးများသည် မိမိတို့အားအပ်ပေးထားသောအလုပ်ကို သစ္စာရှိစွာဖြင့်လုပ်ဆောင်ရမည်။ ဈေးတက်မည်ကိုအားကိုး၍ သူတို့သည် ဝယ်ခြမ်းရောင်းချခြင်းမပြုလုပ်ရ။ မယုံကြည်သောသူများနှင့်တွဲဖက်၍ ဖောက်ကားရောင်းဝယ်ခြင်းမပြုရ။ ဤကဲ့သို့ပြုလုပ်ပါက သူတို့ကိုပေးအပ်ထားသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် ထိုအရာများက နှောင့်နှေးစေလိမ့်မည်။



"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြသည်" ဟု သခင်ယေရှုမိန့်တော်မူသည်။ ဘုရားသခင်၏သွန်သင်ခြင်းများ၊ အကြံအရွယ်နှင့်လိုက်နာဖို့ရန်ပုံစံများကို ကျွန်ုပ်တို့အားရှင်းလင်းစွာဖော်ပြထားခြင်းသည် သေးသိမ်သောအရာမဟုတ်ပေ။ မှန်ကန်သေချာသောပရောဖက်အနာဂတ္တိစကား၌ဖော်ပြထားသောကိုယ်တော်၏အလိုတော်ကိုနားလည်ခြင်းသည် အံ့သြဖွယ်ရာကောင်းသောအခွင့်အရေးပင်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့ဆောင်ရွက်ရမည့် လေးလံသောတာဝန်ဝတ္တရားဖြစ်သည်။ ကိုယ်တော်က ကျွန်ုပ်တို့အားပေးထားသောအသိဉာဏ်ကို အခြားသူများတို့အားဝေမျှရန် ဘုရားသခင်မျှော်လင့်နေသည်။ သတိပေးခြင်းစကားကိုကြွေးကြော်ရာ၌ ဘုရားသခင်နှင့်လူသည် ပေါင်းစပ်၍လုပ်ကိုင်ရန် ဘုရားသခင်အကြံတော်ရှိသည်။ R & H, July 28, 1904.

## နိုင်ငံခြားဘုရားသခင်၏အမှုတော်လုပ်ငန်းကိုထောက်ပံ့ခြင်း

ဘုရားသခင်၏လူတို့၌ ကိုယ်ချင်းစာနာမှုရှိရန် အသင်းတော်တိုင်း၌လှုံ့ဆော်၍ အမှုတော်လုပ်ငန်းနယ်အသီးအသီးတို့၌ လိုအပ်နေခြင်းများကို ကိုယ့်အကျိုးမရှာသောလုပ်ဆောင်ခြင်းဖြင့်

တွေ့ဆုံရပေမည်။ ဘုရားသခင်၏အမှုတော်၌ လူတို့သည် သူတို့၏ပစ္စည်းများပေးကမ်းခြင်းဖြင့် စိတ်ဝင်စားခြင်းရှိကြောင်း သက်သေခံရကြမည်။ ဤကဲ့သို့စိတ်ဝင်စားခြင်းဖော်ပြပါက ခရစ်ယာန်ညီအစ်ကိုချင်း အနှောင်အဖွဲ့သည်တည်ရှိလာ၍ ခရစ်တော်၏အိမ်ထောင်၌ အိမ်ထောင်သားအချင်းချင်းတို့၏ ခွန်အားကို တိုးတက်စေလိမ့်မည်။

ဘုရားသခင်၏အိမ်တော်၌ စားစရာရှိဖို့ရန် ဆယ်ဖို့တစ်ဖို့ ယူဆောင်လာသောအလုပ်သည် နေရင်းတိုင်းပြည်နှင့်နိုင်ငံခြားနယ်များ၌ လုပ်ဆောင်သောသူများကိုပို့ပေးခြင်းပင်ဖြစ်သည်။ ယခုခေတ်နှင့်သက်ဆိုင်သောသမ္မာတရားပါသည့်စာအုပ်များနှင့် စာပေစာစောင်များသည် အသိပညာဘဏ္ဍာများကို ကမ္ဘာအရပ်ရပ်သို့အနှံ့အပြားရောက်ခဲ့သော်ငြားလည်း အမှုတော်လုပ်ငန်းနှင့် ဆိုင်သောနေရာများကို အရပ်ရပ်၌တည်ထောင်ကြရမည်။ အသက်ရှင်နေသောတရားဟောဆရာသည် အသက်ရှင်သောစကားနှင့်ကယ်တင်ခြင်းကိုကြွေးကြော်ရမည်။ အမှုတော်ဆောင်များကိုဖိတ်ခေါ်နေသောနေရာအများအပြားရှိ၏။ ရိတ်သိမ်းရာစပါးသည် မှည့်လျက်ရှိပြီ။ စိတ်ထက်သန်စွာခေါ်နေသော မာကေဒေါနိအသံကို ကမ္ဘာအရပ်ရပ်မှကြားရသည်။ R & H, Feb. 19, 1889.



## အမှုတော်သည်ရပ်ဆိုင်းခြင်းမရှိရ

ဤနောက်ဆုံးသောအချိန်အဖို့ သမ္မာတရားရှိသည်မှန်လျှင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းတို့ထံသို့သယ်ဆောင်သွားကြရမည်။ များမကြာမီအသက်ရှင်နေသောသူများနှင့်သေဆုံးသွားသောသူများသည် မိမိတို့ကိုယ်တိုင်လွန်ကျူးခဲ့သောအပြစ်များအတွက် တရားစီရင်ခြင်းခံရကြမည်။ သူတို့ကို ဘုရားသခင်၏ပညတ်တရားတော်အတိုင်း စစ်ဆေးလိမ့်မည်။ သူတို့ကိုယခုသတိပေးရမည်။ ဘုရားသခင်၏သန့်ရှင်းသောတရားတော်ကိုအခိုင်အမာဖြစ်စေ၍ သူတို့ရှေ့၌ကြည့်မှန်သဖွယ်ထားရမည်။ ဤအလုပ်ကိုပြီးစီးဖို့ရန် ငွေအင်အားလိုသည်။ ငွေရေးကြေးရေးကျပ်တည်းသောအချိန်ဖြစ်ကြောင်း ကျွန်ုပ်သိသည်။ ယခင်အချိန်ကဲ့သို့ ငွေပေါများခြင်းမရှိ။ သို့တစေလည်း သမ္မာတရားကိုဖြန့်ဖြူးရမည်။ ဖြန့်ဖြူးရန်လိုငွေကိုလည်း ဘဏ္ဍာတိုက်ထဲ၌ထားရှိရမည်။

## ကျွန်ုပ်တို့သည်အမှုတော်ကိုစွန့်ပစ်ထားရမည်လော

ကျွန်ုပ်တို့၏သတင်းစကားသည် တစ်ကမ္ဘာလုံးအတွက်ဖြစ်သည်။ သို့တစေလည်း အများသောသူတို့သည် မည်သည့်

အရာကိုမျှမလုပ်ကိုင်ဘဲနေကြသည်။ အချို့သောသူတို့သည် အနည်းငယ်သာလုပ်ကိုင်၍ အတော်များများကယုံကြည်ခြင်းနည်းပြီး ယုံကြည်ခြင်းမရှိသလောက်ပင်ဖြစ်သည်။ နိုင်ငံခြားအရပ်ဒေသ၌ ဖွင့်ထားသောဘုရားသခင်၏လုပ်ငန်းများကို စွန့်လွှတ်လိုက်ရမည်လော။ နေရင်းတိုင်းပြည်ဘုရားသခင်၏အလုပ်အချို့ကိုရပ်ဆိုင်းလိုက်ရမည်လော။ ဒေါ်လာငွေထောင်ချီ၍ အကြွေးတင်နေသောကြောင့် မျက်စိမျက်နှာပျက်ရမည်လော။ ကမ္ဘာကြီး၏နောက်ဆုံးရာဇဝင်မြင်ကွင်းအချိန်၌ မှားမှားယွင်းယွင်းရှိ၍ လေးကန်နေရမည်လော။ မနေရပေ။ မနေနိုင်ပေ။ ကျွန်ုပ်တို့၏စိတ်၌ အမှုတော်ရှေ့သို့တိုးတက်သွားရန် စိတ်စော၍ မီးကဲ့သို့လောင်နေပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုမငြင်းပယ်နိုင်ပါ။ ခရစ်တော်ကိုလည်း ငြင်းပယ်ကြမည်မဟုတ်။ သို့သော်လည်း ဘုရားသခင်၏စီမံချက်အတိုင်း ဖွင့်ပေးထားသည့်လမ်းကို ရှေ့သို့တိုးတက်အောင်မပြုလုပ်ပါက ဆန့်ကျင်ဘက်လုပ်ကိုင်နေကြသည်။

ငွေကြေးမလုံလောက်သောကြောင့် အမှုတော်ကိုရပ်ဆိုင်းခြင်းမပြုရ။ ငွေကြေးများကိုပိုမို၍ရင်းနှီးထားရပေမည်။ အမေရိကန်ပြည်၌နေထိုင်သောညီအစ်ကိုများတို့၊ ကျွန်ုပ်သခင်၏နာမတော်ဖြင့် သင်တို့အားပြောဆိုလိုသည်မှာ ထကြွပါ၊ နိုးကြားကြပါ။



သင်တို့သည် သင်တို့၌ရှိသောဥစ္စာကြေးငွေအစွမ်းသတ္တိများကို အသုံးမပြုဘဲ မြေကြီးထဲ၌ဝှက်ထားကြသည်။ အိမ်များကိုဆောက်လုပ်၍ ရှိယင်းမြေအပြင် အခြားမြေများကိုထပ်ဆင့်တိုးပွားစေခဲ့ပြီ။ "သင်၌ရှိသောအရာကိုရောင်းချ၍ အလှူပေးပါ" ဟု သင့်ကိုဘုရားသခင်အမိန့်ပေးနေသည်။ ပညတ်တော်ကိုစောင့်ရှောက်သောသူတို့သည် ရောင်းဝယ်၍မရသောအချိန်တစ်ချိန်ရောက်လုနီးနေပြီ။ သို့ဖြစ်၍ သင့်မြေ၌မြှုပ်ထားသောဘဏ္ဍာများကို လျင်မြန်စွာတူးဖော်လော့။ ဘုရားသခင်သည် သင့်လက်ထဲ၌ငွေအပ်နှံထားပါက သင်သည် သစ္စာရှိကြောင်းပြသပါ။ သင်အသုံးမပြုဘဲဝှက်ထားသောငွေများကိုထုတ်၍ သင်၏အစွမ်းသတ္တိများကို လဲလှယ်သောသူများထံသို့ပို့ပါ။ ခရစ်တော်ပြန်ကြွလာသောအခါ ကိုယ်တော်သည် မိမိပစ္စည်းကိုအတိုးနှင့်တကွရရှိလိမ့်မည်။

## အမှုတော်ကုန်ဆုံးချိန်၌ရှင်လန်းသောရက်ရောခြင်း

နောက်ဆုံးသောအချိန်၌ ဤအမှုတော်မပြီးစီးမီ ယဇ်ပလ္လင်ပေါ်၌ ထောင်ချီ၍ရှင်လန်းဝမ်းမြောက်စွာတင်ထားကြလိမ့်မည်။ ဘုရားသခင်၏နေ့ကြီးအဖို့ ဝိညာဉ်များကို ပြင်ဆင်ပေးရခြင်းသည်

မင်္ဂလာရှိသောအခွင့်အရေးဖြစ်သည်ဟု လူအပေါင်းတို့သည် ထင်မြင်ကြလိမ့်မည်။ ယခုအချိန်၌ ငွေကြေးကိုလွယ်လင့်တကူ ပေးသကဲ့သို့ပေးကြလိမ့်မည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ကိုယ်တော်၏လူများ စိတ်နှလုံးထဲ၌တောက်လောင်နေပါက ဤစိတ်ဓာတ်မျိုးကို ယနေ့ ကျွန်ုပ်တို့တွေ့မြင်ကြမည်။ ဝိညာဉ်အောင်မြင်ရေးလုပ်ငန်းသည် အဆုံးသို့ရောက်ရန် အလွန်နီးကပ်နေသည်ကို သူတို့သိရှိပါက ရှေးအချိန်၌ရှိသောအသင်းတော်သည် သူတို့၏ဥစ္စာပစ္စည်းများကို စွန့်ကြသကဲ့သို့ သူတို့သည်လည်း သူတို့၏ပစ္စည်းများကို အတွယ် အတာမရှိစွန့်ကြမည်။ လောကသားများသည် ကြေးငွေရရှိဖို့ရန် စိတ်ဇောထက်သန်စွာဖြင့် စုဆောင်းကြသကဲ့သို့ သူတို့လည်း ဘုရားသခင့်အမှုတော်ကိုတိုးတက်ဖို့ရန် ကြိုးစားဆောင်ရွက်ကြ မည်။ ကျွမ်းကျင်ခြင်းနှင့်ပင် ကိုယ်ဉာဏ်ကိုအသုံးချရမည်။ ကြေးငွေရရှိဖို့ရန် စိတ်ထက်သန်ခြင်းနှင့်ကိုယ်ကျိုးမရှာခြင်း ပြသရမည်။ သိုဝှက်ထားရန်မဟုတ်၊ ဘုရားသခင်၏ ဘဏ္ဍာ တိုက်ထဲသို့သွင်းရန်ဖြစ်သည်။

အချို့တို့သည် သူတို့၏ကြေးငွေကို အလုပ်အကိုင်၌ ရင်းနှီးထားခြင်းကြောင့် ဆင်းရဲခဲ့သည်။ အဘယ်သို့ဖြစ်အံ့နည်း။ ခရစ်တော်သည် သင့်ကြောင့်ဆင်းရဲခဲ့သည်။ သင်သည် သင့်အဖို့



ထာဝရကြွယ်ဝချမ်းသာခြင်းကိုရယူခဲ့ပြီး ကောင်းကင်၌ရှိသော ဘဏ္ဍာသည် ပျောက်ပျက်ခြင်းမရှိပေ။ သင်၏ကြေးငွေများကို ဘဏ်တိုက်၌ထား၍ အိမ်၊ လယ်များ၌ရင်းနှီးထားသည်ထက် ကောင်းကင်၌သာ၍လုံခြုံစိတ်ချရသည်။ အိမ်များ၌ထည့်၍သိုထား သော်လည်း ဆွေးမြေ့ခြင်းမဖြစ်၊ သူခိုးမခိုးနိုင်၊ မီးမလောင်နိုင်။

ကယ်တင်ရှင်၏စကားကိုနားထောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ပုံသက်သေသည် စကားထက်ကျယ်လောင်စွာဟောပြောလိမ့် မည်။ ယုံကြည်သောသူတို့သည် သူတို့၏ယုံကြည်ခြင်းကို အလုပ်ဖြင့်ပြသောအခါ သမ္မာတရားတန်ခိုးပြခြင်းကိုတွေ့မြင် ကြမည်။ ဤအရေးကြီးသောသမ္မာတရားကို ယုံကြည်သော သူသည်ကိုယ့်ကိုကိုယ်စွန့်သောစိတ်ဓာတ်ရှိ၍ လောကဆန်သော ငွေကို အမြတ်တနိုးထား၍ ကိုးကွယ်ခြင်းကိုပြစ်တင်ဆိုဆုံးမနိုင် လိမ့်မည်။ “Historical Sketches of the Foreign Missions of the Seventh-day Adventists,” pp. 291-293.

–၀–

## (၈) အသင်းတော်၌စိတ်နှလုံးအပြည့်အဝ ခင်တွယ်လျက်ရှိခြင်း

ယုံကြည်ကြသောသူတိုင်းတို့သည် အသင်းတော်၌ စိတ်နှလုံးအပြည့်အဝခင်တွယ်လျက်ရှိရမည်။ အသင်းတော်ကြီးပွားခြင်းသည် သူ၏ပထမစိတ်ဝင်စားခြင်းဖြစ်ရမည်။ မိမိကိုယ်ထက် အသင်းတော်ကိုချစ်ခင်ရမည်။ အသင်းတော်နှင့်ဆက်သွယ်နေခြင်း၌ အသင်းတော်အတွက်အကျိုးဖြစ်ထွန်းစေနိုင်သောအရာများကို ဆောင်ရွက်လုပ်ကိုင်မပေးနိုင်ပါက အသင်းတော်၌သူမရှိခဲ့လျှင် ပို၍ကောင်းပေမည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ဖို့ လူတိုင်းတို့၌ ခွန်အားရှိကြသည်။ မြောက်မြားစွာသောသူတို့သည် မလိုလားအပ်သောပျော်ရွှင်ခြင်း၌ ငွေမြောက်မြားစွာအကုန်ခံကြသည်။ သူတို့သည် အစာ၏အလိုသို့လိုက်ကြသည်။ သို့သော်လည်း အသင်းတော်ကိုထောက်ပံ့ဖို့ရန် ကြေးငွေပေးလှူရခြင်း၌ အလွန်လေးလံသောအခွန်ကဲ့သို့ယူဆကြသည်။ အမြတ်အစွန်းအခွင့်အရေးများအားလုံးကို ရရှိဖို့ရန် ဆန္ဒရှိကြသော်လည်း ကုန်ကျငွေအတွက် တောင်းခံလာသောအခါ အခြားသူများသာပေးဆပ်ဖို့ရန် အလိုရှိကြသည်။ ဘုရားသခင်၏





အမှုတော်တိုးတက်ကြီးပွားဖို့ရန် ဇေကန်အမှန်အလိုရှိသောသူသည် ကြေးငွေကိုနေရာမရွေး၊ လိုအပ်နေသောအချိန်၌ရင်းနှီးဖို့ရန် နှောင့်နှေးနေမည်မဟုတ်ပေ။ 4T 18.

အဖိုးထိုက်တန်သောသမ္မာတရား၏အလင်း၌ ပျော်မွေ့သောသူသည် ထိုအလင်းကိုနေရာတိုင်းသို့ပို့ပေးဖို့ရန် ပြင်းပြသောစိတ်ဆန္ဒရှိမည်။ သစ္စာရှိသောအလံကိုင်အချို့ရှိရာ မိမိတို့လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်ကိုပျက်ကွက်ခြင်းမရှိ၊ လွှဲရှောင်ခြင်းလည်းမရှိကြပေ။ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် ခေါ်သောအခါတိုင်း သူတို့၏စိတ်နှလုံးများနှင့်ငွေအိတ်များသည် အစဉ်ပွင့်နေ၍ ပေးကမ်းရန်အသင့်ရှိသည်။ အချို့တို့သည် လုပ်ကိုင်ရမည့်အလုပ်ထက်ပို၍လုပ်ကိုင်ကြသည်။ သူတို့သည် ကောင်းကင်ဘုံဘဏ်တိုက်၌ရင်းနှီးဖို့ရန် အခွင့်ဆုံးရှုံးသွားမည်ကို စိုးရိမ်နေသကဲ့သို့ဖြစ်သည်။

နည်းနိုင်သမျှနည်းအောင် လုပ်ကိုင်နေကြသောအချို့လူများလည်းရှိသည်။ သူတို့သည် သူတို့၏ဘဏ္ဍာများကို ဆည်းပူးထားကြသည်။ (သို့မဟုတ်) သူတို့၏ကြေးငွေများကို သူတို့ကိုယ်ကျိုးအတွက်သာအသုံးချကြသည်။ ဘုရားသခင်၏အမှုတော်နှင့်စပ်ဆိုင်၍ ပေးကမ်းရသောအခါ တွန့်တို၊ စေတနာကင်းလျက် ငွေအနည်းငယ်လောက်သာပေးကမ်းကြသည်။

သူတို့သည် ဘုရားသခင်အားပေးကမ်းမည်ဟု ကတိခံဝန်ပြီးမှ နောင်တရပြီးလျှင် တတ်နိုင်သမျှအချိန်ဆွဲနေကြသည်။ (သို့မဟုတ်) မပေးဘဲနေကြသည်။ သူတို့၏ဆယ်ဖို့တစ်ဖို့ကိုလည်း နည်းနိုင်သမျှနည်းအောင်ပေးကြသည်။ သူတို့က ဘုရားသခင်အားပေးလိုက်သောငွေသည် ပျောက်ပျက်သွားပြီဟု သဘောထားကြသည်။ အများအပြားသောကျွန်ုပ်တို့၏အသင်းများသည် ကြေးငွေကိစ္စ၌ ကျပ်တည်းခြင်းတွေ့ရသည်။ သို့သော်လည်း ယခုဖော်ပြပါလူတန်းစားများတို့၏စိတ်၌ အသင်းအဖွဲ့များတိုးပွားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတို့နှင့်မည်သို့မျှမစပ်ဆိုင်ဟူသောသဘောဖြင့် နေထိုင်ကြသည်။ သို့သော်လည်း ကမ္ဘာကြီးကိုအလင်းပေးရန် ဤအရာများသည် တန်ဆာပလာများဖြစ်သည်။ 4T 477,478.

## နှစ်ခြင်းနှင့်ဆိုင်သောသစ္စာပြုချက်

မိမိကိုယ်ကိုအသင်းတော်နှင့်ဆက်သွယ်သောသူတိုင်းတို့သည် အသင်းတော်အတွက်ကိုသာ စိတ်ဝင်စားခြင်းရှိ၍ ထိုစိတ်ဝင်စားခြင်းကို အခြားအရာတို့၏အထက်၌ထားရှိရမည်။ သူ၏အလုပ်သည် ဘုရားသခင်နှင့်အသက်ရှင်သောဆက်သွယ်



ခြင်း၌ အစဉ်ရှိနေရန်ဖြစ်သည်။ ကယ်တင်ခြင်းအလုပ်၌လည်း စိတ်ရောကိုယ်ပါဝင်ရောက်လုပ်ကိုင်၍ သူ၏အသက်တာနှင့် အကျင့်၌လည်း ဘုရားသခင်၏ပညတ်တော်များသည် လောကကြီး၏ထုံးစံဓလေ့များနှင့်နှိုင်းယှဉ်လိုက်သောအခါ အလွန်သာလွန်နေကြောင်းပြသနေရမည်။ ခရစ်တော်ကိုလက်ခံသောအသက်ဝိညာဉ်တိုင်းတို့သည် မိမိ၏သခင်အမှုတော်၌စိတ်အားကြီးခြင်း၊ လုပ်ရှားခြင်းအရည်အချင်းနှင့်ပြည့်စုံသောဝိညာဉ်ရေးဆိုင်ရာ အမှုတော်ဆောင်တစ်ယောက်ဖြစ်ဖို့ရန် မိမိကိုယ်ကိုကတိခံဝန်ချက်ချုပ်ဆိုထားသည်။ လူတိုင်းတို့သည် မိမိတို့ဆောင်ရွက်စရာကိစ္စကိုပြည့်စုံစွာဆောင်ရွက်ရန် ခရစ်တော်သည် မျှော်လင့်လျက်ရှိသည်။ သို့ဖြစ်၍ ဤအချက်သည် ကိုယ်တော်၏နောက်လိုက်တို့တွင် စကားဝှက်ဖြစ်ပါစေ။

ကိုယ်တော်ကအပ်နှံထားသောအရင်းအနှီး၊ ကြေးငွေများ၌သာမက ကိုယ်တော်၏နိုင်ငံတော်ဆောက်တည်ရေးနှင့်ဆိုင်သောအရာအားလုံးတို့၌ လိမ္မာစွာအသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသစ္စာရှိကြောင်းပြသရကြမည်။ မှားယွင်းခြင်းအောက်၌ ဖုံးလွှမ်းနေသောသူများထံသို့ သမ္မာတရားမရောက်ရှိရန် စာတန်သည် တတ်နိုင်သောနည်းအမျိုးမျိုးဖြင့်တားဆီးခြင်းပြုလုပ်လိမ့်မည်။ သို့သော်လည်း သတိပေးသံနှင့် တောင်းပန်သံသည်

သူတို့ထံသို့ရောက်မည်။ ဤအလုပ်အကိုင်၌ လူအနည်းငယ်သာရှိသော်လည်း သူတို့ကဲ့သို့ထောင်ချီ၍ စိတ်ဝင်စားခြင်းရှိသင့်သည်။ 5T 460-462.

## ကျွန်ုပ်တို့ရှေ့၌ရှိသောအလုပ်

ကမ္ဘာကြီးကိုသတိတရားပေးရမည်။ ဤအလုပ်အကိုင်ကိုကျွန်ုပ်တို့အားအပ်ပေးထားသည်။ အဖိုးမည်မျှပင်ပေးရစေကာမူကျွန်ုပ်တို့သည် ဘုရားသခင်၏တရားကိုလက်တွေ့ပြုရမည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်အနစ်နာခံထားသောသူများဖြစ်ကြ၍ ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရာ၌ အလိုရှိလာပါကအသက်ကိုပင်ပေးဖို့ရန် အဆင်သင့်ရှိသည်။ တိုတောင်းသောအချိန်တွင် ကြီးသောအလုပ်ကိုလုပ်ကိုင်ရပေမည်။ ကျွန်ုပ်တို့သည်လုပ်ကိုင်ရမည့်အလုပ်ကိုနားလည်၍ ထိုအလုပ်ကိုသစ္စာရှိစွာဖြင့်လုပ်ဆောင်ရမည်။ နောက်ဆုံးအောင်မြင်၍ သရဖူဆောင်းခြင်းခံရသောသူအားလုံးတို့သည် မြင့်မြတ်သောစိတ်ဖြင့် ဘုရားသခင်ကိုအစေခံဖို့ရန် အားထုတ်ခဲ့ကြသောကြောင့် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြင့် ဝတ်ဆင်ထားဖို့ရန် အခွင့်ရကြသည်။ ခရစ်ယာန်တိုင်းတို့၏တာဝန်သည် သွေးစွန်းနေသောခရစ်တော်၏



လက်ဝါးကပ်တိုင်အလံတော်ကိုထမ်းဆောင်၍ စာတန်ကိုတိုက်ခိုက်ချေမှုန်းရန်ဖြစ်သည်။

ဤအလုပ်ကိုလုပ်ကိုင်နိုင်ဖို့ရန် ကိုယ့်ကိုကိုယ်အနစ်နာခံခြင်းရှိရမည်။ အသက်တာတစ်လျှောက်လုံးတွင် မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် လက်ဝါးကပ်တိုင်သည် ယှဉ်လျက်ရှိနေသည်။ "အကြင်သူသည် ငါ့နောက်သို့လိုက်လိုလျှင် မိမိကိုယ်ကိုငြင်းပယ်၍ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်းဆောင်ပြီးလျှင် ငါ့နောက်သို့လိုက်ရမည်" ဟု သခင်ယေရှုမိန့်တော်မူသည်။ ဤလောကကြီး၏ဘဏ္ဍာများကို ရထားသောသူတို့သည် လုပ်ဆောင်၍ အနစ်နာခံရမည်။ ထာဝရဆုကိုရှာဖွေနေသောသူတို့သည် အနစ်နာမခံဘဲရရှိလိမ့်မည်ဟု မျှော်လင့်သလား။ R & H, Jan. 31, 1907.

## တောင်းပန်ခြင်းကိုစောင့်ဆိုင်းမနေပါနှင့်

ကျွန်ုပ်တို့သည် ထပ်ဆင့်လာမည့်တောင်းပန်ခြင်းများကိုစောင့်ဆိုင်းမနေပါနှင့်။ ချက်ချင်းအလုပ်ခွင်သို့ဝင်ရောက်ဆောင်ရွက်၍မဖြစ်နိုင်ဟုထင်မြင်သောအရာများကိုဆောင်ရွက်၍ဖြစ်အောင်လုပ်ဆောင်ရမည်။ ကိုယ်တော်၏အမှုတော်တိုးတက်

ဖို့ရန် ကိုယ်တော်သည် ကျွန်ုပ်အား ကြေးငွေကိုအပ်ထားသည် မဟုတ်လောဟု လူတိုင်းမိမိကိုယ်ကိုမေးမြန်းပါ။

ကျွန်ုပ်တို့သည် ဘုရားသခင်အား သစ္စာရှိကြစို့။ ကျွန်ုပ်တို့ ခံစားနေရသောကောင်းချီးမင်္ဂလာအားလုံးသည် ကိုယ်တော် အထံတော်မှဆင်းသက်လာသည်။ အကယ်၍ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကြေးငွေအစွမ်းသတ္တိဖြင့်အပ်နှံထား၍ ကိုယ်တော်၏ အလုပ်ကိုဝိုင်းဝန်းကူညီလုပ်ကိုင်ပေးစေလိုပါက ကျွန်ုပ်တို့သည် မလုပ်မကိုင်ဘဲနေမည်လော။ မလုပ်ဆောင်နိုင်ပါသခင်၊ ကျွန်တော်မျိုး၏သားသမီးများနှစ်သက်မည်မဟုတ်။ သို့ဖြစ်၍ ကျွန်တော်မျိုးသည် ကိုယ်တော်၏စကားတော်ကိုနားမထောင် နိုင်ပါ။ ကိုယ်တော်၏အစွမ်းသတ္တိများကို မြေကြီး၌မြှုပ်နှံထား ပါပြီးဟု ကျွန်ုပ်တို့ပြောဆိုမည်လော။

နှောင့်နှေးနေဖို့ရန်အချိန်မရှိ။ ဘုရားသခင်၏အမှုတော် သည် သင်၏မစခြင်းကိုတောင်းဆိုနေသည်။ ဘုရားသခင်၏ ဘဏ္ဍာစိုးများဖြစ်သည်အတိုင်း သင်တို့အားပြောဆိုလိုသည်မှာ ကိုယ်တော်၏ကြေးငွေကို လှည့်ပတ်အသုံးပြုစေပါ။ သမ္မာတရား သည် မည်သည့်အရာဖြစ်ကြောင်း အများသောသူတို့သိရှိနိုင်ရန် ပြုလုပ်စီမံပေးပါ။

သင်၏ငွေကို မြေ၌ရင်းနှီးထားရန် သွေးဆောင်ခြင်းသည် သင့်ထံသို့ရောက်ရှိပေမည်။ မတော်တဆသင်၏မိတ်ဆွေများ



သည် သင့်ကို၌အကြံမျိုးပေးမည်။ သို့သော်လည်း သင်၏ ကြေးငွေကို ၌အရာထက်ကောင်းသောအရာ၌ရင်းနှီးထားရန် မရှိသလော။ သင့်ကိုအဖိုးနှင့်ဝယ်ယူခဲ့ပြီမဟုတ်လော။ ကိုယ်တော် အဖို့အသုံးပြုရန် သင်၏ကြေးငွေကို သင်၌အပ်နှံထားသည် မဟုတ်လော။ သင်၏ကြေးငွေဖြင့် စည်းဝေးရာအိမ်များဆောက် လုပ်ခြင်း၊ ဖျားနာသောသူတို့သည် ကိုယ်ကာယနှင့်ဝိညာဉ်ပါ ကုသခြင်းရရှိဖို့ရန် ဆေးရုံများတည်ဆောက်ရာ၌ သင်သည် ကြေးငွေဖြင့်ကူညီခြင်း၊ လူငယ်လူရွယ်များအမှုတော်ဆောင်ရွက် နိုင်ရန် သွန်သင်ဖို့ ကျောင်းများတည်ဆောက်ခြင်း အစရှိသည့် လုပ်ငန်းများကိုလုပ်ကိုင်ဖို့ရန်ဖြစ်သည်။

ဘုရားသခင်ကိုယ်တော်တိုင် မိမိ၏အမှုတော်တိုးတက် ဖို့ရန် အစအဦးကြံစည်တော်မူသည်။ ကိုယ်တော်သည် မိမိ၏ လူတို့အား ကြေးငွေအပိုများကိုပေးတော်မူခဲ့ရာ ကိုယ်တော်သည် မစခြင်းကိုတောင်းသောအခါ သူတို့သည် ဝမ်းမြောက်စွာဖြင့် ပေးကမ်းရန်ဖြစ်သည်။ သူတို့ကိုချေးငှားထားသောကြေးငွေများကို သစ္စာရှိစွာ ကိုယ်တော်၏ဘဏ်တိုက်သို့ပြန်၍ယူဆောင်လာခဲ့ပါက ကိုယ်တော်၏အမှုတော်သည် လျင်မြန်စွာပြီးစီးလိမ့်မည်။ ဝိညာဉ် အများကို သမ္မာတရားဘက်သို့ဆွဲယူနိုင်၍ ခရစ်တော်ကြွလာဖို့ အချိန်ကိုလည်း လျင်မြန်စေလိမ့်မည်။ R & H, July 14, 1904.

–o–

## (၉) ပေးအပ်ခြင်းအသံ

ပေးအပ်ခြင်းသည် သင့်စိတ်နှလုံး၏အတွေးအခေါ်ဖြစ်သလော။ ကျွန်ုပ်၏ကယ်တင်ရှင်၊ ကျွန်ုပ်ကိုကိုယ်တော်လုံးဝပိုင်ဆိုင်တော်မူသည်။ အကျွန်ုပ်၏ဝိညာဉ်အဖို့ ကိုယ်တော်သည်ရွေးနုတ်ခြင်းအဖိုးကိုပေးတော်မူပြီ။ အကျွန်ုပ်ကို ကိုယ်တော်သည်ပိုင်တော်မူသည်။ အကျွန်ုပ်သည် ကြေးငွေရရှိဖို့ရန် ကိုယ်တော်မစတော်မူပါ။ မသုံးသင့်သောအရာ၌ မသုံးဖြုန်းဖို့ရန်မစတော်မူပါ။ မာနထောင်လွှားခြင်းကို အကျွန်ုပ်မှဖယ်ရှားတော်မူပါ။ ကိုယ်တော်၏နာမတော်နှင့်ဘုန်းတော်အဖို့သာ အသုံးပြုလိုပါသည်။

သင်လုပ်ကိုင်လေရာတိုင်း၌ သင်၏စိတ်အကြံအစည်သည်အောက်ပါအတိုင်းဖြစ်ပါစေ။ ဤနည်းလမ်းသည် ဘုရားသခင်နှစ်သက်သောနည်းလမ်းဖြစ်သလား။ ဤအရာသည် အကျွန်ုပ်ကယ်တင်ရှင်၏စိတ်တော်နှင့်တွေ့မည်လား။ ကိုယ်တော်သည်အကျွန်ုပ်ဖို့အသက်တော်ကိုစွန့်တော်မူပြီ။ အဖဘုရားသခင်အားအကျွန်ုပ်သည် မည်သည့်အရာကိုပြန်ပေးနိုင်သနည်း။ အကျွန်ုပ်ပြောဆိုနိုင်သောအရာတစ်ခုမှာ ကိုယ်တော်အဖို့ အကျွန်ုပ်သည်ရက်ရောစွာစွန့်ကြဲပေးကမ်းပါသည်ဟု ပြောဆိုနိုင်သောသူဖြစ်





ပါစေ။ ဘုရားသခင်၏နာမတော်သည် သင်၏နဖူး၌ရေးသားထားခြင်းမရှိပါက ထိုနေရာ၌ရေးထားခြင်း၏အကြောင်းမှာ ဘုရားသခင်သည် သင့်အကြံအစည်များ၏ဗဟိုဖြစ်သည်။ သင်သည်အလင်း၌ အမွေကိုခံစားရမည်မဟုတ်။ ကောင်းကင်ဘုံ၏အံ့ဩဖွယ်ရာအကောင်းဆုံးလက်ဆောင်တစ်ခုကို သင့်အားပေးကမ်းခဲ့သည်။ ထိုလက်ဆောင်မှာ ကိုယ်တော်၏တစ်ပါးတည်းသောသားတော်ဖြစ်၏။

ဘုရားသခင်သည် မိမိ၏လက်တော်ကို ဆယ်ဖို့တစ်ဖို့အပေါ်၌လည်းကောင်း၊ လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများအပေါ်၌လည်းကောင်း တင်၍မိန့်တော်မူသည်မှာ “ဤပစ္စည်းများသည် ငါ့ပစ္စည်းများဖြစ်သည်။ ငါသည် သင်တို့အားငါပိုင်ပစ္စည်းကိုထိန်းသိမ်းကြည့်ရှုရန်အပ်ထားသောအခါ သတ်မှတ်ထားသောအပိုင်းသည် သင့်အဖို့လိုအပ်သောအရာများကိုဝယ်ယူနိုင်ဖို့ရန်ဖြစ်၍ အချို့ကို ငါ့အားပြန်၍ပေးအပ်ရမည်။”

သင်သည် သင်၏အသီးအနှံများရိတ်သိမ်းသောအခါသင်ကောင်းစားရေးအတွက် ထိုအသီးအနှံများကိုစုသိမ်း၍ကျီထဲ၌ထည့်သွင်းသောအခါ သင်သည် ဘုရားသခင်အား သစ္စာရှိသောဆယ်ဖို့တစ်ဖို့ကိုပေးပြီလား။ ကိုယ်တော်၏အမှုတော်ချို့တဲ့ခြင်းမရှိစေရန် သင်၏လက်ဆောင်ပဏ္ဏာနှင့်အလှူငွေများကို

ကိုယ်တော်အားပေးအပ်ပြီလား။ သင်သည် မိဘမရှိသောကလေးနှင့်မုဆိုးမကိုကြည့်ရှုပြီလား။ ဤအလုပ်သည် အိမ်တွင်းဘုရားသခင်၏လုပ်ငန်းဖြစ်၍ လျစ်လျူရှုခြင်းမရှိရ။

သင်၏နံဘေးပတ်လည်၌ ဆင်းရဲ၍ဒုက္ခရောက်နေသောသူများ၊ အဝတ်နွေးများကိုလိုသောသူများ၊ အာဟာရပြည့်သောအစားအစာကိုလိုသောသူများရှိကြသလား။ ၎င်းပြင် သာ၍အဖိုးထိုက်တန်သောကိုယ်ချင်းစာနာခြင်းနှင့်ချစ်ခြင်းမေတ္တာကိုလိုအပ်နေသောသူများနေထိုင်ကြသလား။ မုဆိုးမများ၊ စိတ်ဒုက္ခရောက်နေသောသူများသည် သင့်ထံသို့လာ၍ သူတို့၏သားသမီးများ၊ မြေးများကိုပညာသင်ပေးထောက်ပံ့ရန်တောင်းခံသောအခါ သူတို့အဖို့ သင်မည်သည့်အရာပြုလုပ်ပေးသနည်း။ ဤအရာများကို သင်သည် မည်ကဲ့သို့ဖြေရှင်းခဲ့သနည်း။ သင်သည် မိဘမဲ့ကလေးများကိုမစရန် ကြိုးစားခဲ့သလား။ ဝိညာဉ်ရေးအတွက် စိုးရိမ်နေသောမိဘ၊ အဘိုး၊ အဘွားများသည် သင့်ထံသို့လာ၍ သူတို့၏ကိစ္စကိုစဉ်းစားရန် ပန်ကြား၊ တောင်းပန်သောအခါ သင်သည် ကိုယ်ချင်းမစာနာဘဲ သူတို့ကိုငြင်းပယ်ပြောဆိုလွှတ်လိုက်သလား။ အကယ်၍ သင်သည် ဤကဲ့သို့ပြုလုပ်လိုက်မိပါက သင်၏နောင်ရေးအဖို့ ဘုရားသခင်၏သနားခြင်းကြင်နာမှုသည် သင်အပေါ်၌ရှိပါစေ။ သင်တို့သည် သူတစ်ပါးအား မည်သည့်



အတိုင်းအတာဖြင့်ပေးသနည်း။ ထိုအတိုင်းအတာအတိုင်း ပြန်၍ရရှိကြမည်။ ကိုယ်တော်၏လက်ဆောင်ပဏ္ဏာများကို ကိုယ်ကျိုးအတွက်မှောက်လှန်၍ မတရားပြုလုပ်ခဲ့ပါက ဘုရားသခင်သည် မိမိ၏ကောင်းချီးမင်္ဂလာများကို မပေးဘဲထားလိမ့်မည်။

ဘုရားသခင်သည် သင့်အပေါ်၌ ဤအသက်တာနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများကို အစဉ်ချပေးလျက်ရှိတော်မူသည်။ အကယ်၍ ကိုယ်တော်သည် သင့်အား မိမိ၏စွန့်ကြဲပေးကမ်းပစ္စည်းများကို ကိုယ်တော်၏အလုပ်ဌာနခွဲအမျိုးမျိုးတို့၌ ကူညီရန်စေခိုင်းပါက ထိုသို့ပေးကမ်းစွန့်ကြဲခြင်းသည် သင့်အဖို့ ယခုဘဝနှင့်ဝိညာဉ်ရေးဆိုင်ရာအကျိုးခံစားဖို့ရန် ပြုလုပ်ခြင်းဖြစ်၍ ဤနည်းဖြင့် ဘုရားသခင်သည် ကောင်းချီးဟူသမျှကို ချပေးတော်မူသောသခင်ဖြစ်ကြောင်း အသိအမှတ်ပြုပါ။ ဘုရားသခင်သည် အလုပ်ရှင်ကြီးဖြစ်၍ လူတို့နှင့်ပူးပေါင်းပြီးလျှင် သူတို့၏စားနပ်ရိက္ခာအဖို့ လိုအပ်သောထောက်ပံ့ခြင်းကို ပေးတော်မူသောသခင်ဖြစ်သည်။ သို့ဖြစ်၍ ဝိညာဉ်များကိုကယ်တင်ရာ၌လည်း သူတို့သည် ကိုယ်တော်နှင့်အတူပူးပေါင်းလုပ်ကိုင်ရန် အလိုရှိတော်မူသည်။ နေရင်းတိုင်းပြည်နှင့် နိုင်ငံခြားဘုရားသခင်၏အမှုတော်ဆောင်နယ်များ၌ ကိုယ်တော်၏အမှုတော်ရှေ့သို့တိုးတက်ဆောင်ရွက်ဖို့ရန် ကိုယ်တော်သည် မိမိကျွန်တို့၏လက်၌

ကြေးငွေများကိုအပ်ထားတော်မူသည်။ လူတစ်ဝက်လောက်သာလျှင် သူတို့လုပ်ကိုင်ရမည့်အလုပ်ကိုလုပ်ကိုင်ပါက ဘဏ္ဍာတိုက်၌လိုအပ်နေသောကြေးငွေချို့တဲ့လျက် ကမ္ဘာအရပ်ရပ်တို့၌ ဘုရားသခင်၏အမှုတော်ကို အပြီးမသတ်နိုင်ဘဲထားခဲ့ရမည်။ R & H, Dec. 23, 1890.

## ညီညွတ်ခြင်းရရှိဖို့ရန်ခရစ်တော်၏ဆုတောင်းခြင်းကိုဖြေဆိုခြင်း

အသင်းတော်သည် ၎င်း၏ဘုရားသခင်၏အမှုတော်ဆောင်များအတွက် ကိုယ်ချင်းစာနာခြင်းစိတ်သဘောမထားရှိပါက ဘုရားသခင်အလိုတော်ရှိသောအဆင့်အတန်းသို့ မည်သည့်အခါမျှမရောက်ရှိနိုင်ပေ။ ဝိညာဉ်တော်သဘောသည် ဘုရားသခင်၏လုပ်ငန်းထဲသို့မရောက်ရှိသမျှကာလပတ်လုံး၊ အသင်းတော်သည်လည်း ဘုရားသခင်၏လုပ်ငန်းကိုထောက်ပံ့ရာ၌ ပြုပြင်သောတန်ခိုးအင်အားမဖြစ်သမျှကာလပတ်လုံး ခရစ်တော်ဆုတောင်းခဲ့သောစည်းလုံးညီညွတ်ခြင်းကို မည်သည့်အခါမျှမရနိုင်ပေ။ အသင်းတော်သည် ဘုရားသခင်၏အမှုတော်ဆောင်ဆရာများတို့အား ကြည်ဖြူစွာထောက်ပံ့ရန် သူတို့၌တာဝန်ရှိကြောင်းသိ၍ အပြောစကားဖြင့်မဟုတ်ဘဲ အပြုအမူအားဖြင့်



မလုပ်သမျှကာလပတ်လုံး ဘုရားသခင်၏အမှုတော်ဆောင်ဆရာများသည် မိမိတို့လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်ကိုပြီးစီးအောင်လုပ်ကိုင်နိုင်ကြမည်မဟုတ်ပေ။

ဘုရားသခင်သည် အမှုတော်ဆောင်များကိုခေါ်တော်မူသည်။ ကိုယ်တိုင်လှူပ်ရှားခြင်းလိုအပ်လျက်ရှိသည်။ သို့သော်လည်း ပြောင်းလဲခြင်းသည် ပထမလာရမည့်အခြားသောသူများကယ်တင်ခြင်းရရှိဖို့ရန် ရှာဖွေခြင်းသည် ဒုတိယဖြစ်သည်။ R & H, Sept. 10, 1903.

## တစ်ကိုယ်ကောင်းစိတ်ကိုစိတ်နှလုံးအတွင်းမှဖယ်ရှားခြင်း

ဘုရားသခင်သည် အသင်းတော်အား မိမိ၏ကျေးဇူးတော်ဖြင့် ပြည့်ဝစွာထားခြင်း၊ ကိုယ်တော်၏ဘဏ်တိုက်၌ ကြေးငွေရှိနိုင်ဖို့ရန် ကြေးငွေရရှိနိုင်သောအစွမ်းသတ္တိများကိုပေးထားခြင်းများရှိသော်လည်း ယနေ့အသင်းတော်သည် ဘုရားသခင်ကိုကျေးဇူးတင်စကားပြောဆိုဖို့ရန် စိတ်ဆန္ဒမတွေ့ရှိရသောကြောင့်ဝမ်းနည်းစရာကောင်းလှ၏။

ဘုရားသခင်၏စပျစ်ဥယျာဉ်မှ ခြောက်သွေ့နေသောအပိုင်းများက ဘုရားသခင်အထံသို့အော်ဟစ်ပြောဆိုသည်မှာ

"လူတို့သည် အကျွန်ုပ်ကို ဂရုမစိုက်ပစ်ထားကြပါပြီ။" သူတို့အချင်းချင်းကို ဆင်းရဲခြင်းနှင့်ဂုဏ်အသရေဆုတ်ယုတ်ခြင်းအနှောင်အဖွဲ့ထဲ၌ နေထိုင်စေသောအားဖြင့် လူအပေါင်းတို့သည် စာတန်အား ဘုရားသခင်ကိုကဲ့ရဲ့ပြစ်တင်ရန် အခွင့်ပေးကြသည်။ အကြောင်းမှာ ဘုရားသခင်သည် မိမိ၏သားသမီးများအား အသက်တာ၏လိုအပ်သောအရာများအတွက် ဒုက္ခခံစေရန် အခွင့်ပေးသည်ဟု အထင်အမြင်လွဲစေကြသည်။ ကိုယ်တော်၏ပစ္စည်းများစောင့်ထိန်းဖို့ရန် အပ်နှံခြင်းခံရသောသူတို့၏ဂရုမစိုက်ခြင်းကြောင့် ကိုယ်တော်သည် အပြစ်တင်ခြင်းခံရသည်။ ကိုယ်တော်၏ဘဏ္ဍာစိုးများသည် သူတို့စောင့်ရှောက်ကြည့်ရှုရမည့်ဒုက္ခသည်များကို သတိမထားဂရုစိုက်ခြင်းမရှိကြပေ။ ဤနည်းဖြင့် သူတို့သည် ဘုရားသခင်အပေါ်သို့ ကဲ့ရဲ့ပြစ်တင်ခြင်းကို သက်ရောက်စေကြသည်။

မည်သူမျှမိမိလုပ်ကိုင်ရမည့်အလုပ်ဝတ္တရားများကို မထီလေးစားမပြုလုပ်ပါစေနှင့်။ သင်သည် ငွေရင်းများသောအလုပ်ကို မလုပ်နိုင်၍ ငွေရင်းနည်းသောအလုပ်ကိုလုပ်ကိုင်နေရပါက ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ညည်းတွားခြင်းမရှိသောကြိုးစားခြင်းအပေါ်၌ရှိနေကြောင်းသတိပြုပါ။ ကိုယ်တော်သည် သေးငယ်သောအရာများဖြစ်ပျက်သည့်နေ့ကို မထီမဲ့မြင်ပြုတော်မမူပေ။ သေးငယ်သောအရာများကို လိမ္မာစွာအသုံးပြုခြင်းသည် အံ့ဩဖွယ်ရာကောင်းသောတိုးပွားခြင်းကိုရရှိလိမ့်မည်။ အစွမ်းသတ္တိတစ်ခုကို လိမ္မာစွာအသုံးပြုပါက ဘုရားသခင်ထံသို့ အစွမ်းသတ္တိနှစ်ခုရောက်လာလိမ့်မည်။ ရင်းနှီးထားသောမတည်ငွေအချိုးအစားအတိုင်း ငွေတိုးရရှိဖို့ရန်မျှော်လင့်ကြသည်။ ဘုရားသခင်သည် လူတစ်ယောက်၌ရှိသည်အတိုင်း လက်ခံတော်မူသည်။ သူ၌မရှိသည့်အတိုင်းမဟုတ်ပေ။



သင်သည် ဘုရားသခင်ကိုပေးစရာရှိသောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေကိုသာပေးရန် ဘုရားသခင်တောင်းဆိုတော်မူသည်။ ကိုယ်တော်၏အလုပ်အကိုင်တိုင်း၌ ပေးအပ်ခြင်းရှိရန်ခေါ်တော်မူသည်။ သင့်ကိုခန့်ထားသောအပိုင်း၊ အလုပ်တာဝန်ကိုသစ္စာရှိစွာနှင့်ဆောင်ရွက်ပါ။ သခင်ခရစ်တော်သည် သင်၏အနီး၌ရှိ၍ သင့်အဖို့ကြံစည်ခြင်း၊ တီထွင်ခြင်းနှင့်ဆောက်လုပ်ခြင်းပြုလုပ်နေကြောင်းကို အမှတ်ရ၍ စိတ်ထက်သန်စွာဆောင်ရွက်ပါ။ ဘုရားသခင်သည် သင့်အဖို့ကျေးဇူးတော်အားလုံးကို များပြားကြွယ်ဝစေနိုင်တော်မူသည်။ သင်တို့သည် အားလုံးသောအရာ၌ လုံလောက်စွာရှိ၍ ကောင်းသောအမှုနှင့်ကြွယ်ဝစေသတည်း။ ဤလောက၌ ဘုရားသခင်၏နိုင်ငံတော်တိုးတက်ဖို့ရန် တစ်စုံတစ်ခုကို သင်သည် ပြုလုပ်ပေးနိုင်သောကြောင့် စိတ်ပျော်ရွှင်ခြင်း၊

စေတနာစိတ်၊ ကျေးဇူးတင်ခြင်းဖြင့်ပေးကမ်းပါ။ စိတ်နှလုံးထဲမှ ကိုယ်ကျိုးရှာခြင်းကိုဖယ်ရှားလိုက်ပါ။ ၎င်းနေရာ၌ ခရစ်ယာန် လှူပ်ရှားခြင်းကို မြဲမြံစွာကိုင်စွဲပါ။ သင်သည် ဘုရားသခင်နှင့် နီးကပ်စွာဆက်သွယ်ခြင်းရှိပါက ပျက်စီးနေသောသူတို့ လက်လှမ်းမှီသောနေရာ၌ ထာဝရအသက်ကိုချထားရန် အနစ်နာ ခံ၍ ပြုလုပ်လိမ့်မည်။

## ဝိညာဉ်ကြီးပွားခြင်းနှင့်ခရစ်ယာန်ရက်ရောခြင်း

ဘုရားသခင်၏နာမတော်၌ ကျွန်ုပ်၏ညီအစ်ကိုများနှင့် နှမများအား ကျွန်ုပ်ပြောဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အမှုတော် ဆောင်ရွက်ရာ၌ ဤအရေးကြီးသောအချိန်တွင် ဘုရားသခင် ထံတော်၌မစခြင်းကိုတောင်းခံကြရမည်။ ဘုရားသခင်အား ပေးလှူခြင်း၌ တွန့်တိုခြင်းသည် ကျိန်ခြင်းကိုဖိတ်ခေါ်ခြင်းဖြစ် သည်။ ဝိညာဉ်ကြီးပွားခြင်းသည် ခရစ်ယာန်ရက်ရောခြင်းနှင့် နီးကပ်စွာချည်နှောင်ထားလျက်ရှိသည်။ ကယ်တင်ရှင်၏ ကျေးဇူးတော်ကိုခံစားရခြင်း၌သာ ဆာမွတ်ခြင်းရှိရမည်။ သင်၏ ဘဏ္ဍာသည် သင့်ရှေ့၌သင့်အလျင်အဦးကောင်းကင်နိုင်ငံ၏



တံတိုင်းသို့ရောက်မည်အကြောင်း အဖိုးထိုက်တန်သောအာမခံ ချက်ရှိသည်။

သင်၏ဥစ္စာပစ္စည်းကို လုံခြုံစွာထားလိုသလား။ လက်ဝါး ကပ်တိုင်၏သံချက်ရာများပါသောလက်ထဲ၌ထည့်ထားပါ။ အားလုံးကို သင်တစ်ဦးတည်းပိုင်ထားရှိပါက သင့်အဖို့ထာဝစဉ် ဆုံးရှုံးခြင်းပင်ဖြစ်သည်။ ဘုရားသခင်ကိုပေးအပ်ပါ။ ထိုအချိန် မှစ၍ ကိုယ်တော်၏ကမ္ပည်းလိပ်စာသည် ထိုအရာများပေါ်၌ ရှိမည်။ ကိုယ်တော်၏မဖောက်ပြန်နိုင်သောတံဆိပ်ဖြင့်နှိပ်ခတ် ခြင်းရှိသည်။ သင်သည် သင်ရရှိသောပစ္စည်းကိုနှစ်သက်သလား။ သို့ဖြစ်လျှင် ဒုက္ခရောက်နေသောသူအဖို့ ကောင်းချီးမင်္ဂလာဖြစ် ပါစေ။ သင်ပိုင်ဆိုင်သောအရာများကို တိုးပွားအောင်ပြုလုပ်လို သလား။ “သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံ ရှိသမျှကို ထာဝရဘုရားသခင်အားပူဇော်လော့။ သို့ပြုလျှင် သင်၏ စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သောစပျစ်ရည်လျှံလိမ့်မည်။”

## ဘုရားသခင်သည်လက်ကိုပြန်၍ဖြည့်လိမ့်မည်

လူအားလုံးတို့သည် မိမိတို့လုပ်ကိုင်ရမည့်အပိုင်းကို လုပ်ကိုင်ခဲ့လျှင် ဘုရားသခင်၏စပျစ်ဥယျာဉ်၌ ခြောက်သွေ့သော

နေရာရှိမည်မဟုတ်။ ခရစ်တော်၏တပည့်များဖြစ်သည်ဟု ဟန်ဆောင်သောသူတို့ကိုလည်း အပြစ်တင်ပြောဆိုဖို့ရန် အကြောင်းရှိမည်မဟုတ်ပေ။ ဆေးဘက်ဆိုင်ရာအမှုတော်လုပ်ငန်းသည် ခေတ်နှင့်ဆိုင်သောဧဝံဂေလိသမ္မာတရားကိုဟောပြောရန် တံခါးဖွင့်ပေးခြင်းဖြစ်သည်။ တတိယကောင်းကင်တမန်၏ သတင်းစကားဟောပြောခြင်းကို နေရာတိုင်း၌ကြားရမည်။ ချွေတာပါ။ မာနထောင်လွှားခြင်းမရှိပါနှင့်။ လောကနှင့်ဆိုင်သော သင်၏ဘဏ္ဍာကို ဘုရားသခင်အားပေးအပ်ပါ။ ယခုတတ်နိုင်သမျှပေးကမ်းပါ။ သင်သည် ခရစ်တော်နှင့်ပူးပေါင်းပါက သင်၏လက်သည် ပေးကမ်းဖို့ရန် ရက်ရောလာလိမ့်မည်။ သမ္မာတရားဘဏ္ဍာသည် ဝိညာဉ်များစွာတို့ထံသို့ယူဆောင်သွားနိုင်ရန် ဘုရားသခင်သည် သင်၏လက်ကိုပြန်၍ဖြည့်ပေးလိမ့်မည်။ သင်သည် သူတစ်ပါးအားပေးကမ်းနိုင်ရန် ကိုယ်တော်သည် သင့်ကို ထပ်ဆင့်ပေးတော်မူမည်။ R & H, Dec. 10, 1901.

–၀–

# (၁၀) သာ၍ကြီးမားသောစိတ်အားထက်သန်မှုရှိရန်ခေါ်ခြင်း

ကမ္ဘာကြီးနှင့်အသင်းတော်များသည် ဘုရားသခင်၏ ပညတ်တော်ကိုကျူးလွန်နေကြသောကြောင့် သတိပေးရမည်။ “အကြင်သူသည် သားရဲကိုကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌လောင်းသောအမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။” ဘုရားသခင်၏သန့်ရှင်းသောနေ့ကို ကျူးလွန်သောသူတို့အပေါ်၌ ထိုမျှကျိန်ဆဲခြင်းသည်ရောက်လျက်ရှိရာ ကျွန်ုပ်တို့သည် သာ၍ကြီးသောစိတ်အားထက်သန်မှု၊ သာ၍ကြီးသောကြိုးပမ်းမှုကိုပြသရမည်မဟုတ်လော။ ကျွန်ုပ်တို့သည် မည်သည့်အကြောင်းကြောင့် လျစ်လျူရှုခြင်း၊ ကိုယ်ကျိုးရှာခြင်းနှင့် လောကတပ်မက်ခြင်းများဖြင့် အချိန်ကုန်နေရပါသနည်း။ ကျွန်ုပ်တို့၏စိတ်ဝင်စားခြင်းသည် သခင်ခရစ်တော်မှကွဲကွာနေသလား၊ သမ္မာတရားသည် ပြင်းထန်လွန်းသလား၊ စိတ်ထိခိုက်လွန်းသလား၊ စိတ်၌မခံချိမခံသာအောင်ခံရသော ခရစ်တော်၏တပည့်များကဲ့သို့ ကျွန်ုပ်တို့သည် ယုတ်ညံ့သောလောက၏အခြေအနေများဘက်သို့ မျက်နှာလှည့်သွားပြီလား၊ ကျွန်ုပ်တို့သည်

ငွေကိုကိုယ်ကျိုးအတွက်လည်းကောင်း၊ ကိုယ်စိတ်အလိုဆန္ဒကို ဖြည့်ဆည်းဖို့လည်းကောင်း သုံးဖြုန်းကြ၍ အသက်ဝိညာဉ်များသည် ခရစ်တော်နှင့်သမ္မာတရားကိုမသိကျွမ်းဘဲ သေဆုံးနေကြသည်။ ဤအခြေအနေကို မည်မျှအချိန်ကြာအောင်ဆွဲထားကြမည်နည်း။

အားလုံးတို့၌ အသက်ရှင်သောယုံကြည်ခြင်းရှိရမည်။ မေတ္တာနှင့်လုပ်ဆောင်သောယုံကြည်ခြင်းဖြစ်၍ အသက်ဝိညာဉ်ကိုစင်ကြယ်စေသည်။ လူအပေါင်းတို့သည် ကိုယ်တိုင်အာရုံခံစားဖို့ရန် မည်သည့်အရာမဆိုပြုလုပ်ရန် အသင့်ရှိကြသော်လည်း ခရစ်တော်နှင့်သမ္မာတရား၌လိုအပ်နေ၍ ပျက်စီးနေသောလူသားတို့အဖို့လုပ်ကိုင်ပေးဖို့ရန် ဆန္ဒမရှိသလောက်ပင်ဖြစ်သည်။

## ယခုပင်ကောင်းကင်ဘဏ်တိုက်၌ရင်းနှီးထားလော့

ကျွန်ုပ်တို့သည် မိမိတို့ပိုင်ဆိုင်သောပစ္စည်းများကို လျှော့ပစ်ရန်အချိန်ရောက်ပြီမဟုတ်လော။ ယခုအချိန်၌ တစ်စုံတစ်ရာကိုပြုလုပ်၍ ကောင်းကင်ဘုံ၌ရှိသောဘဏ်တိုက်တွင် ရင်းနှီးထားနိုင်ရန် ဘုရားသခင်သည် သင့်ကိုမစပါစေ။ ကျွန်ုပ်တို့သည် ချေးငှားခြင်းမပြုပါ။ စိတ်သဘောကြည်ဖြူစွာအလှူပေး



ပါသည်။ သခင်သည် ကျွန်ုပ်အားငှားရမ်းထမ်းသောကိုယ်တော်ပိုင်ပစ္စည်းများကို ပြန်၍ပေးခြင်းသာဖြစ်သည်။ သင်သည် ဘုရားသခင်ကိုအလွန်ကဲဆုံးချစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ပါက သင်သည် ဘုရားသခင်၏အမှုဆောင်ရွက်ရန်အတွက် စေတနာနှင့်ပေးသောအလှူငွေဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ အသက်ဝိညာဉ်များကိုကယ်တင်ရန်ရှိသည်။ ခရစ်တော်အသေခံတော်မူခဲ့သော ဤအသက်ဝိညာဉ်များကိုကယ်တင်ခြင်း၌ သင်သည် သခင်ခရစ်တော်နှင့်ပူးပေါင်းဆောင်ရွက်သောအမှုတော်ဆောင်ဖြစ်ပါစေ။ ကိုယ်တော်၏တန်ခိုးတော်ကိုထောက်၍ ကောင်းမှုပြုရာ၌ ဘုရားသခင်သည် သင့်ကိုကောင်းသောအကျိုးများဖြင့် ကောင်းချီးပေးမည်။ သမ္မာကျမ်းစာကိုမှုတ်သွင်းခဲ့သောသန့်ရှင်းသောဝိညာဉ်တော်ပင် သင်တို့၏စိတ်နှလုံးများကိုအုပ်စိုး၍ ကိုယ်တော်၏ဝိညာဉ်နှင့်အသက်ဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကိုချစ်မြတ်နိုးရန်ပို့ဆောင်ပါစေ။ ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဆိုင်သောအရာများကို သင်သည်တွေ့မြင်နိုင်ရန် သင်၏မျက်စိများကိုဖွင့်ပေးပါစေ။ ယခုအချိန်၌ဘာသာတရားသည် သေးသိမ်နေသောအကြောင်းရင်းမှာ လူအပေါင်းတို့သည် သူတို့၏အသက်တာ၌လက်တွေ့ကိုယ်ကိုငြင်းပယ်ခြင်းနှင့် ကိုယ်ကိုအနစ်နာခံခြင်း

သဘောများမကျင့်သုံးသောကြောင့်ဖြစ်သည်။ R & H, Jan. 8, 1889.

## နောက်မိုးရွာဆိုင်းလိုက်ခြင်း

ကမ္ဘာတစ်ခုလုံးကို ကိုယ်တော်၏ဘုန်းတော်နှင့်ထွန်းလင်းစေခဲ့သော ဘုရားသခင်၏ဝိညာဉ်တော်ကြီးကျယ်စွာသွန်းလောင်းခံရခြင်းကို ကျွန်ုပ်တို့၌အတွေ့အကြုံဖြင့် ဘုရားသခင်နှင့်အတူလုပ်ဆောင်ခြင်းသည် မည်သည့်အကျိုးရှိကြောင်း အမှန်သိသောသူမရှိသမျှကာလပတ်လုံးရရှိလိမ့်မည်မဟုတ်။ ခရစ်တော်၏အမှုတော်ဆောင်ရွက်ခြင်း၌ ကျွန်ုပ်တို့တွင် စိတ်နှလုံးအပြည့်အစုံဆက်ကပ်ခြင်းရှိသောအခါ ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကို အတိုင်းအတာမရှိသွန်းလောင်းချပေးခြင်းဖြင့် အသိအမှတ်ပြုမည်။ သို့သော်လည်း အသင်းတော်၏အများစုသည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူများမဖြစ်သေးပါက ရရှိလိမ့်မည်မဟုတ်ပေ။ ကိုယ်ကျိုးရှာဖွေခြင်းနှင့်ကာယအာရုံခံစားခြင်းများထင်ရှားနေသမျှကာလပတ်လုံး ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကိုချပေးတော်မူခြင်းမပြုနိုင်ပေ။ "ကျွန်ုပ်သည် ညီကိုထိန်းသောသူဖြစ်သလော။" ဟူ၍ ကာဣနဖြေဆိုဆင်ခြေ



ပေးသကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးသည် တစ်ကိုယ်ကောင်းကြံစည်ခြင်းနှင့်အပြစ်ကျူးလွန်ခြင်းအောက်၌ အနိုင်ခံနေရပါက ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကိုမသွန်းလောင်းနိုင်ပေ။ R & H, July 21, 1896.

## လောကနှင့်ဆိုင်သောစိတ်စွဲလမ်းမှုအားလုံးကိုနှိပ်ကွပ်ပါ

ကျွန်ုပ်၏ချစ်သောညီအစ်ကိုမောင်နှမများတို့၊ ကျွန်ုပ်သည်သင်တို့ကိုချစ်ခြင်းမေတ္တာ၊ နူးညံ့သိမ်မွေ့သောစကားများအားဖြင့်ပြောဆိုပါသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သောအလုပ်အကိုင်ကြီးကိုလုပ်ကိုင်ရာ၌ လောကနှင့်ဆိုင်သောစိတ်စွဲလမ်းမှုဟူသမျှကိုနှိပ်ကွပ်ပစ်ရမည်။ ဘုရားသခင်၏အမှုတော်ကို အနှောင့်အယှက်ပေးသောအရာဟူသမျှကို နှိပ်ကွပ်သောခရစ်တော်၏စိတ်မျိုးသည်ခရစ်တော်နောက်လိုက်များတို့၏အသက်တာများ၌လည်း တွေ့ရမည်ဖြစ်ကြောင်း သတိရပါ။ ဘုရားသခင်တောင်းဆိုသောအရာကိုအမြင့်ဆုံးနေရာ၌ထားရမည်။ "အကြင်သူသည် ကိုယ့်မိဘကိုငါ့ထက်ပိုချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်။" ခရစ်တော်၏အသက်တာသည် ကျွန်ုပ်တို့၏သင်ခန်းစာနှင့်စာအုပ်ဖြစ်သည်။ ကိုယ်တော်၏ပုံသက်သေသည် အခြားသောသူများကောင်းစားရေး

ကိုရှေးရှု၍ မမောမပန်း၊ ကိုယ်ကိုအနစ်နာခံသောစိတ်ဓာတ်မျိုးနှင့် လုပ်ဆောင်ပေးဖို့ရန် အားပေးခဲ့သည်။

သားသမီးများတို့ကို ဘုရားသခင်အထံတော်သို့ခေါ်ဆောင်လာရန် ဘုရားသခင်၏ကျွန်အပေါင်းတို့သည် သူတို့၌ရှိသောခွန်အားတိုင်းကို အစဉ်လှုပ်ရှားခြင်းပြုလုပ်နေရမည်။ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌ လျစ်လျူရှုတတ်သောသဘောနှင့် ကိုယ်ကျိုးရှာခြင်းသဘောများမရှိရပေ။ ကိုယ်ကိုငြင်းပယ်ခြင်းမှ တိမ်းယိမ်း၍ ကိုယ်အလိုသို့လိုက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်ခြင်းကိုလျော့ပါးအောင်ပြုလုပ်ခြင်းများသည် ရန်သူလက်သို့ ထိုမျှတန်ခိုးခွန်အားကိုပေးလိုက်ပြီဟု အဓိပ္ပါယ်သက်ရောက်သည်။ ခရစ်တော်သည် မိမိ၏အသင်းတော်ကို ပြန်လှန်၍ကြည့်ရှုနေသည်။ သူတို့၏ဝိညာဉ်ရေးအသက်တာသည် သူတို့ကိုမှားသည်ဟု ဆုံးဖြတ်ပေးခြင်းခံနေရသောသူအရေ အတွက်မည်မျှရှိပြီနည်း။

ခြွင်းချက်မထားသောဆက်ကပ်ခြင်းကိုပေးရန် ဘုရားသခင်တောင်းဆိုတော်မူ၏။ ခရစ်တော်ကိုလက်ခံစဉ်အချိန်၌ ခရစ်ယာန်တိုင်းခံဝန်ချက်ထားသည်အတိုင်း သစ္စာရှိစွာဖြင့် စောင့်ထိန်းခဲ့လျှင် လောကကြီး၌ရှိသောသူအများတို့သည် အပြစ်၌ ပျက်စီးကြမည်မဟုတ်ပေ။ မိမိတို့၏ကယ်တင်ရှင်ကိုတွေ့ဆုံဖို့ရန် ပြင်ဆင်ခြင်းမရရှိဘဲ သင်္ချိုင်းတွင်းသို့ဆင်းသက်သွားကြသော



သူတို့ကို မည်သူသည်တာဝန်ယူအံ့နည်း။ ကျွန်ုပ်တို့အဖို့ ခရစ်တော်သည် မိမိကိုယ်ကိုစုံလင်သောယဇ်ကောင်အနေဖြင့် ပေးတော်မူသည်။ အပြစ်သားများကိုကယ်တင်ရန် ကိုယ်တော် မည်မျှစိတ်စေတနာထက်သန်စွာလုပ်ဆောင်ခဲ့ပြီနည်း။ မိမိ၏ တပည့်တော်များကို အမှုတော်ဆောင်ရွက်ဖို့ရန်ပြင်ဆင်ရာ၌ ကိုယ်တော်သည် မမောမပန်းဘဲကြိုးစားခဲ့သည်။ သို့သော်လည်း ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းသည် အလွန်နည်းလှ၏။ ကျွန်ုပ်တို့ လုပ်ဆောင်ပေးခဲ့သည့်အနည်းငယ်သောအရာ၏ဩဇာသက်ရောက်မှုသည် မလုပ်ဆောင်ဘဲထားခဲ့သောအရာ၏ဩဇာသက်ရောက်မှု အောက်၌ အလွန်အားနည်းလျက်ရှိလေသည်။ ဘုရားသခင် ပေးအပ်ထားသောအလုပ်ကိုပြီးစီးရန် ရှေ့သို့တိုးတက်လုပ်ကိုင်ခြင်းမရှိသောကြောင့် ကျွန်ုပ်တို့၌ မည်မျှဆုံးရှုံးကြပြီနည်း။ ခရစ်ယာန်များဖြစ်သည်အားလျော်စွာ တွေ့မြင်ရသောမြင်ကွင်းကြောင့် ကျွန်ုပ်တို့၌ထိတ်လန့်စရာဖြစ်သင့်သည်။ R & H, Dec. 30, 1902.

## အနစ်နာခံခြင်းစိတ်ဓာတ်

ကယ်တင်ခြင်းအကြံအစည်တော်ကို ပူဇော်သကာခင်းကျင်းချထားရာ အလွန်ကျယ်ပြန့်၊ နက်ရှိုင်း၊ မြင့်မားသောကြောင့်

မတိုင်းထွာနိုင်ပေ။ ခရစ်တော်သည် ကောင်းကင်၌နေရစ်လျက် မိမိ၏ကောင်းကင်တမန်များကို အပြစ်သို့ကျရောက်သော ဤလောကကြီးသို့စေလွှတ်လိုက်သည်မဟုတ်။ မိမိကိုယ်တိုင် အခြံအရံမပါဘဲ ဆင်းလာ၍ ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံတော်မူသည်။ ကိုယ်တော်သည် ဒုက္ခဆင်းရဲခြင်းကိုခံစားရသောလူတစ်ယောက် ဖြစ်လာ၍ ပူဆွေးခြင်းနှင့်တွေ့ရသည်။ ကျွန်ုပ်တို့၏အပြစ်များကို ခံယူ၍ ကျွန်ုပ်တို့၏ခွန်အားနည်းခြင်းကိုလည်း ခံတော်မူသည်။ ကိုယ်တော်၏နောက်လိုက်များတို့၌ ကိုယ်ကိုငြင်းပယ်ခြင်းမရှိကြောင်းမြင်သောအခါ သူတို့သည် ခရစ်ယာန်၏နာမည်ကို ငြင်းပယ်သကဲ့သို့ ဘုရားသခင်မှတ်ယူတော်မူသည်။ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိသည်ဟုပြောဆို၍ အဖိုးထိုက်တန်၊ ဈေးကြီးမြင့်သောအဝတ်တန်ဆာများ၊ အိမ်ထောင်ပရိဘောဂနှင့် အစားအစာများကို ကိုယ်ကျိုးအတွက်သုံးဆောင်ခြင်းဖြင့် တပ်မက်သောသူတို့သည် နာမည်၌သာခရစ်ယာန်များဖြစ်ကြသည်။ ခရစ်ယာန်တစ်ယောက်ဖြစ်ဖို့ရန် ခရစ်တော်နှင့်တူရမည်။

သို့သော်လည်း တမန်တော်ပြောဆိုသောစကားများသည် မည်မျှမှန်ကန်ခြင်းရှိသနည်း။ အားလုံးတို့သည် မိမိတို့အဖို့ ရှာဖွေကြပြီ။ သခင်ခရစ်တော်နှင့်ဆိုင်သောအရာကိုမရှာဖွေကြ။ မြောက်မြားစွာသောခရစ်ယာန်တို့သည် မိမိတို့၏နာမည်နှင့်



လိုက်အောင် အလုပ်မပြုနိုင်ကြပေ။ သူတို့အဖို့၊ တန်ဖိုးမဖြတ်နိုင်သောကယ်တင်တော်မူခြင်းအကြံအစည်ထားရှိကြောင်းကို မကြားဖူးသကဲ့သို့ပြုမူကြသည်။ အများသောသူတို့၏ရည်ရွယ်ချက်သည် လောက၌ သူတို့၏နာမည်ကြီးဖို့ရန်ဖြစ်၍ လောက၏နည်းလမ်းများ၊ အခမ်းအနားများကိုခံယူလိုက်နာကြသည်။ မိမိတို့အလိုဆန္ဒပြည့်ဝဖို့ရန်နေထိုင်ကြသည်။ လောကသားများကဲ့သို့ မိမိတို့၏အကြံအစည်များကို စိတ်အားထက်သန်စွာ လိုက်လျှောက်ကြသည်။ ဤနည်းအားဖြင့် ဘုရားသခင်နိုင်ငံတော်သည် တည်ထောင်ဖို့ရန် သူတို့၏ကူညီပေးလိုသောဆန္ဒကို ဖြတ်တောက်လိုက်ကြသည်။

ယခုရှိရင်းခွန်အားနှင့်ပြည့်စုံခြင်းထက် ဆယ်ဆပိုမို၍ တိုးတက်သွားရမည့်ဘုရားသခင်၏အမှုတော်သည် ဆောင်းဥတုအေးမြသောလေကြောင့် သာယာသောမိုးရာသီကို တားဆီးသကဲ့သို့တိုးတက်ခြင်းမရှိဘဲနေခဲ့သည်။ ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းမှာ မိမိတို့ကိုယ်ကို ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ပြောဆိုကြသောသူအချို့တို့သည် ကိုယ်တော်၏အမှုတော်အတွက် သတ်မှတ်ထားသောငွေများကို မိမိတို့ကိုယ်ကျိုးအဖို့သုံးဖြုန်းနေသောကြောင့်ဖြစ်သည်။ ခရစ်တော်၏ကိုယ်ကိုစွန့်ခြင်းမေတ္တာသည် သူတို့၏အသက်တာလေ့ကျက်

ခြင်းများတွင် ရောယှက်ထားခြင်းမရှိသောကြောင့် အသင်းတော်သည် ခွန်အားရှိရမည့်နေရာ၌ အားနည်းခြင်းရှိသည့် မိမိ၏ အစီအစဉ်အတိုင်း မိမိ၏မီးများကိုငြိမ်းသတ်၍ ခရစ်တော်၏ ဧဝံဂေလိတရားတော်ကို သန်းပေါင်းများစွာသောသူတို့ထံသို့ မရောက်စေဘဲ တရားအလင်းကင်းမဲ့စေခဲ့ပြီ။

ခရစ်တော်သည် ဤမျှလောက်သူတို့အဖို့အနစ်နာခံခဲ့သောကြောင့် ကိုယ်တော်၏ဆုကျေးဇူးတော်များကို သူတို့သည် မည်ကဲ့သို့ဆက်လက်၍ကိုယ်ကျိုးအတွက်ခံစားကြအံ့နည်း။ ကိုယ်တော်၏မေတ္တာတော်နှင့် ကိုယ်ကိုငြင်းပယ်ခြင်းအမှု၌ ပြိုင်ဘက်မရှိပေ။ ဤမေတ္တာသည် ကိုယ်တော်၏နောက်လိုက်များ၏ဗဟုသုတထဲသို့ရောက်ရှိလာသောအခါ သူတို့၏စိတ်ဝင်စားခြင်းသည် သူတို့၏ကယ်တင်ရှင်ကဲ့သို့ပင်ဖြစ်ကြောင်း သိသာထင်ရှားစေလိမ့်မည်။ သူတို့၏အလုပ်အကိုင်သည် ခရစ်တော်၏ နိုင်ငံတော်ကိုတည်ဆောက်ရန်ဖြစ်သည်။ သူတို့သည် မိမိတို့ ကိုယ်တိုင်နှင့်ပိုင်ဆိုင်သောပစ္စည်းများကို ကိုယ်တော်၌ဆက်ကပ်၍ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌ လိုအပ်သလို အသုံးချစေလိမ့်မည်။

သခင်ယေရှုသည် မိမိ၏နောက်လိုက်များထံမှ ဤအရာ ထက်ပို၍မျှော်လင့်စရာမရှိပေ။ မည်သူတစ်ဦးတစ်ယောက်မျှ



ဤမျှလောက်ကြီးကျယ်သောအမှုဖြစ်သည့် အသက်ဝိညာဉ်များကို ကယ်တင်ခြင်းအလုပ်၌ မိမိကိုယ်ကိုငြင်းပယ်ရန် နည်းလမ်းများ ရှာကြံခြင်းသည် ခဲယဉ်းသောအလုပ်ဟုပြောဆိုကြမည်မဟုတ်ပေ။ ဤအလုပ်သည် တစ်ဦးစီလုပ်ဆောင်ရသောအလုပ်ဖြစ်သည်။ သမ္မာတရားကိုကြွေးကြော်ရာ၌ သုံးဖို့လည်းကောင်း၊ ခရစ်တော်သည် များမကြာမီကြွလာတော်မူ၍ ကိုယ်တော်၏တရားတော် တောင်းဆိုသောအရာများကို ကမ္ဘာအရပ်ရပ်တို့၌ ကြော်ငြာဖို့ရန် လည်းကောင်း ကျွန်ုပ်တို့တတ်နိုင်သမျှ ပေးကမ်းသောငွေသည် ဘုရားသခင်၏ဘဏ်တိုက်ထဲသို့ရောက်ရှိသွားမည်။ ဤအလုပ်ကို လုပ်ဆောင်ရန် အမှုတော်ဆောင်ဆရာများကို စေလွှတ်ရမည်။

အသက်ဝိညာဉ်၌ ခရစ်တော်ကိုချစ်ခြင်းသည် စကားပြောခြင်းနှင့်အပြုအမူ၌ဖော်ပြခြင်းရှိလိမ့်မည်။ ခရစ်တော်၏နိုင်ငံသည် အချုပ်အခြာဖြစ်လိမ့်မည်။ ဘုရားသခင်၏ပလ္လင်ပေါ်၌ ကိုယ့်ကို ကိုယ်အလိုအလျောက်အပ်ထားလိမ့်မည်။ ခရစ်တော်နှင့်ဧကန်အမှန်ပူးပေါင်းလျက်ရှိသောလူတိုင်း ဘုရားသခင်၏သားတော်အား ကောင်းကင်ပလ္လင်ကိုစွန့်ဖို့ရန် ဖြစ်စေသောအသက်ဝိညာဉ်များကို ကိုယ်တော်ချစ်သည်နည်းတူချစ်ကြလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ဆင်းရဲခြင်းခံရသည်။ ကိုယ်တော်ဆင်းရဲခြင်း

ခံရခြင်းအားဖြင့် ကျွန်ုပ်တို့၌ကြွယ်ဝခြင်းရှိဖို့ရန်ဖြစ်သည်။ R & H, Oct. 13, 1896.

## ပေးအပ်ထားသောအိမ်ထောင်များကိုခေါ်ခြင်း

သမ္မာတရားကိုသိသောသူတို့ထံမှ ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းပြုရန် ဘုရားသခင်ခေါ်တော်မူသည်။ မှောင်မိုက်နှင့်မှားယွင်းသောနေရာ၌ရှိသောသူများ၊ နိုင်ငံခြားအရပ်ဒေသသို့သွား၍ လူကုံထံစု၊ လူသစ်များနှင့်မိတ်ဖွဲ့ရန် ကိုယ်တော်အဖို့ ပညာသတိဖြင့် ကြိုးစားလုပ်ဆောင်ရန် ခရစ်ယာန်အိမ်ထောင်စုအား ဘုရားသခင်ခေါ်တော်မူသည်။ ဤခေါ်တော်မူခြင်းကို လက်ခံရန် ကိုယ်တိုင်အနစ်နာခံခြင်းဗဟုသုတရှိရမည်။

ခဲရာခဲဆစ်များဖယ်ရှားပစ်ဖို့ရန် အများသောသူတို့သည် စောင့်ဆိုင်းနေကြစဉ် ကမ္ဘာကြီး၌ အသက်ဝိညာဉ်များသည် မျှော်လင့်ခြင်းမရှိ၊ ဘုရားသခင်ကိုမသိဘဲသေဆုံးနေကြသည်။ မြောက်မြားစွာသောသူတို့သည် လောကကြီး၏အကျိုးကျေးဇူးနှင့် လောကပညာများဆည်းပူးရန် ဘေးအန္တရာယ်များသောနေရာများသို့သွား၍ ရောင်းဝယ်ဖောက်ကားခြင်း၌ အကျိုးကျေးဇူးဖြစ်ထွန်းလိမ့်မည်ဟုယူဆပြီး သွားရောက်တတ်ကြသည်။



သို့သော်လည်း သမ္မာတရား၏အလင်းမရှိသောနေရာများ၌ နေထိုင်လျက်ရှိသောသူတို့ကို ခရစ်တော်၏အလင်းပေးရန် နေရာပြောင်း၍သွားရောက်နေထိုင်ကြမည့် လူတို့၏အိမ်ထောင်စုများသည် အဘယ်မှာရှိကြသနည်း။

မာကေဒေါနိခေါ်သံသည် ကမ္ဘာအရပ်ရပ်တိုင်းမှလာနေပါသည်။ "ငါတို့ကိုလာ၍မစပါ" ဟု လူထုလူစုခေါ်သံကို အဆက်မပြတ်ကြားနေရသည်။ မည်သို့သောအကြောင်းကြောင့် ထိုခေါ်သံကိုမထူးကြသနည်း။ မိမိ၏အသက်ကို ကမ္ဘာလောကကြီးအားပေးတော်မူခဲ့သော ဘုရားသခင်၏ပုံသက်သေအတိုင်း လိုက်လျှောက်၍ ထောင်သောင်းမကသောသူတို့သည် ခရစ်တော်၏ဝိညာဉ်သဘောအနိုင်အထက်ပြုခြင်းကိုခံထိုက်ပေသည်။ ယခုခေတ်ကာလနှင့်စပ်ဆိုင်သောသမ္မာတရားကို နားမလည်သောသူတို့အားသွန်သင်ရန် အဘယ်ကြောင့်ကိုယ်ကိုငြင်းပယ်ခြင်း၌ နှေးကွေးနေကြသနည်း။ ဘုရားသခင်၏အမှုဆောင်ဆရာကြီးသည် ကျွန်ုပ်တို့ကမ္ဘာသို့ကြွရောက်ခဲ့သည်။ ထိုဆရာကြီးသည် ကျွန်ုပ်တို့ရှေ့မှသွား၍ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းပြသွားခဲ့ပြီး ခရစ်တော်အဖို့ သက်သေခံများဖြစ်မည့်သူများအား မည်သူတစ်ဦးတစ်ယောက်မျှတိကျသောလမ်းကြောင်းကို မှတ်သားမပေးနိုင်ပေ။

ကြေးငွေရှိသောသူတို့၌ နှစ်ဆသောတာဝန်အလုပ်ရှိသည်။ ဘုရားသခင်သည် သူတို့အား ဤချေးငွေများကိုအပ်နှံထားရာ ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်ခြင်းဆိုင်ရာကိစ္စအဝဝ တို့ကို သူတို့တာဝန်ယူရကြသည်။ သမ္မာတရားသည် အသက်ဝိညာဉ်များကို ရွေးကွင်းဆက်ဖြင့် ဘုရားသခင်၏ပလ္လင်တော်နှင့် ချည်နှောင်ထားသည်ဖြစ်သောကြောင့် လူတို့သည် ဘုရားသခင်ပေးသောခွန်အားဖြင့် အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်။ ဘုရားသခင်၏သမ္မာတရားကို ဝေးသောအရပ်ဒေသ၌ဟောပြော၍ သက်သေခံလျက် ခရစ်တော်ကိုသိကျွမ်းခြင်းအကြောင်း မယုံကြည်သူတို့အထဲ၌ ပြန့်ပွားစေရမည်။

လူသားတို့သည် ကောင်းချီးမင်္ဂလာရရှိနိုင်ရန် အများသောသူတို့ထံ၌ ဘုရားသခင်သည် ကြေးငွေကိုအပ်နှံထားရာ သူတို့နှင့်အခြားသောသူများအဖို့ ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ရမည့်အစားထောင်ချောက်ကဲ့သို့ဖြစ်နေသည်။ သင့်အား ဘုရားသခင်ပေးထားသောပစ္စည်းသည် သင့်အဖို့ဆီးတားနှောင့်နှေးစရာဖြစ်နေသလား။ သင့်အားဖောက်ကားရောင်းဝယ်ဖို့ရန် အပ်နှံထားသောကိုယ်တော်၏ကြေးငွေများသည် သင့်ကို ဘုရားသခင်အလုပ်မဆောင်ရွက်နိုင်အောင် ချည်နှောင်ထားသလား။ ကိုယ်တော်သည် သင့်အားသစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်အနေဖြင့် အပ်နှံ



ထားသောကြေးငွေသည် သင်၏ဩဇာနှင့်အသုံးချခြင်းကိုနည်းပါးစေ၍ ဘုရားသခင်နှင့်အတူလုပ်ဆောင်သောအဖြစ်မှရပ်စဲစေသလား။ ကောင်းကင်နိုင်ငံတော်ဘဏ်၌သိုထားဖို့ရန် သင်၌အပ်နှံထားသောကြေးငွေများကို သင်သည် အုပ်စိုးနိုင်ဖို့ရန် သင်၏အိမ်တွင်းမှာပင် နေထိုင်နေသလား။ သင်၌မည်သည့်အလုပ်မျှလုပ်ကိုင်စရာမရှိဟု ဆင်ခြေမပေးနိုင်။ လုပ်ကိုင်ဖို့ရန်များစွာရှိသည်။ သင်သည် အိမ်၌နေထိုင်၍ အိမ်၏ချမ်းသာမှုကိုခံစားနေသလား။ ကိုယ်တော်ကိုချစ်သောသူတို့အဖို့ သွားရောက်ပြင်ဆင်နေသော ကောင်းကင်ဘုံအခန်းများကိုရမည်အကြောင်း ပျက်စီးနေသောအသက်ဝိညာဉ်များကို သင်ဟောပြောခြင်းမပြုသလော။ မပျက်စီးနိုင်သောအမွေပစ္စည်းများကိုရရှိနိုင်ဖို့ရန် သင်ပိုင်ဆိုင်သောပစ္စည်းများကို အရှုံးမခံထိုက်သလော။ R & H, July 21, 1896.

–o–

## (၁၁) အိမ်များနှင့်ပစ္စည်းကိုရောင်းချခြင်း

မြေယာနှင့်အိမ်ရှိသောသူတို့အား ထိုဥစ္စာပစ္စည်းများကို ရောင်းချ၍ ရရှိသောကြေးငွေကိုရင်းနှီးထားပြီးလျှင် အလွန်လိုအပ်နေသောဘုရားသခင်၏အမှုတော်နယ်၌ ထောက်ပံ့ခြင်းကိုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဘုရားသခင်မိန့်တော်မူသည်။ ဤကဲ့သို့ ပြုလုပ်ပေးခြင်းအားဖြင့် စိတ်ကျေနပ်ခြင်းအတွေ့အကြုံကိုရရှိသောအခါ သူတို့သည် လမ်းကြောင်းကိုဖွင့်ပေးခြင်းဖြင့် ဘုရားသခင်သည် သူတို့ထံ၌ ယုံကြည်စွာအပ်နှံထားသောကြေးငွေသည် အသက်ဝိညာဉ်များကယ်တင်နိုင်ရန် ဘဏ္ဍာတိုက်ထဲသို့ အဆက်မပြတ်ရောက်ရှိနေလိမ့်မည်။ ဤအသက်ဝိညာဉ်များသည် တစ်ဖန် ခရစ်တော်အဖို့ မိမိတို့ကိုယ်ကိုငြင်းပယ်ခြင်း၊ ချွေတာခြင်း၊ ရိုးသားခြင်းများကိုလေ့ကျင့်ပေး၍ ဘုရားသခင်ထံတော်သို့ သူတို့၏အလှူငွေများကိုယူဆောင်လာလိမ့်မည်။ လိမ္မာရင်းနှီးထားသော ဤအစွမ်းသတ္တိများမှတစ်ဆင့် အခြားသောအသက်ဝိညာဉ်များသည်လည်း ပြောင်းလဲလာကြလိမ့်မည်။ ဤနည်းဖြင့် အလုပ်သည် ဆက်လက်တိုးတက်၍ ဘုရားသခင်၏ဆုကျေးဇူးများကိုနှစ်သက်ကြောင်းပြသလေသည်။ ပေးကမ်းသောကိုယ်တော်





ကိုအသိအမှတ်ပြု၍ ကိုယ်တော်၏သစ္စာရှိသောဘဏ္ဍာစိုးများမှတစ်ဆင့် ကိုယ်တော်ထံသို့ ဘုန်းတော်ပြန်ရောက်လေသည်။

ဘုရားသခင်၏အမှုတော်အတွက် ဤစိတ်အားထက်သန်သောပန်ကြားချက်များကို ကျွန်ုပ်တို့သည်ပြုလုပ်၍ ကျွန်ုပ်တို့၏အသင်းတော်များ၌ ကြေးငွေလိုအပ်နေခြင်းများကိုတင်ပြသောအခါ စိတ်အားထက်သန်၍ သမ္မာတရားကိုယုံကြည်သောသူတို့၌ လေးလေးနက်နက်လှုပ်ရှားခြင်းရှိကြသည်။ မိမိ၏ဒေနာရီနှစ်ပြားကို ဘုရားသခင်အားပေးအပ်သောကြောင့် သခင်ခရစ်တော်၏ ချီးမွမ်းခြင်းကိုခံရသောလူဆင်းရဲမုဆိုးမကဲ့သို့ သူတို့သည် ဆင်းရဲနေစဉ် တတ်နိုင်သမျှပေးကမ်းကြသည်။ ထိုသို့သောသူများသည် သူတို့ကိုယ်တိုင်လိုအပ်နေသောအရာများကိုမယူဘဲ သူတစ်ပါးကိုပေးကမ်းစွန့်ကြဲကြသည်။ သို့သော်လည်း အချို့သောလူအပေါင်းတို့၌ အိမ်ပိုင်၊ လယ်ပိုင်များရှိ၍ မိမိတို့၏လောကဥစ္စာပစ္စည်းများကို ကိုယ်ကျိုးအတွက်လက်မလွှတ်စတမ်းဆုပ်ကိုင်လျက် သူတို့၏ကြေးငွေများကို ဘုရားသခင်၏အမှုတော်၌ အသုံးပြုဖို့ရန် တရားစကား၌လည်း မယုံကြည်၊ ဘုရားသခင်၌လည်းမယုံကြည်ဘဲရှိနေကြသည်။ ဤကဲ့သို့သောသူများအဖို့ ခရစ်တော်မိန့်တော်မူသောစကားသည် အထူးရည်ညွှန်းသည်။ သင်၌ရှိသောအရာကိုရောင်းချ၍ သူတစ်ပါးအားပေးလော့။

## တစ်ဦးချင်းရှေ့ဆောင်ခြင်းကိုမျှော်လင့်ခြင်း

ဆင်းရဲသောလူအချို့တို့သည် ကျွန်ုပ်ထံသို့စာရေးသား၍ ဤသူတို့ပိုင်အိမ်များကိုရောင်းချ၍ ရရှိသောငွေများကို ဘုရားသခင်၏အမှုတော်အဖို့ပေးကမ်းလိုကြောင်း ဤကိစ္စကိုပြုလုပ်ရန် သင့်လျော်၏၊ မသင့်လျော်၏ကိုအကြံပေးရန် တောင်းဆိုကြသည်။ ကြေးငွေလိုကြောင်းပန်ကြားခြင်းကို သူတို့ကြား၍ စိတ်၌ထိခိုက်ခြင်းရှိသောကြောင့် သူတို့အဖို့ အရာခပ်သိမ်းပြုလုပ်ပေးခဲ့သောကယ်တင်ရှင်အား တစ်စုံတစ်ခုပြုလုပ်ပေးလိုကြောင်းပြောသည်။ ထိုသို့သောသူများအား ကျွန်ုပ်ပြောဆိုလိုသည်မှာ သင်တို့၏အိမ်ငယ်များကို ယခုအချိန်၌ရောင်းချဖို့ရန် သင်တို့၏အလုပ်မဟုတ်ပေ။ သို့သော်လည်း ဘုရားသခင်အထံတော်သို့ သင်ကိုယ်တိုင်သွားပါ။ တာဝန်အလုပ်ကိုဆောင်ရွက်ရာ၌ ပညာပေးပို့ရန် သင်၏ဆုတောင်းခြင်းကို ဘုရားသခင်သည် ဧကန်မုချနားညောင်းတော်မူလိမ့်မည်။ 5T 733, 734.

## ဥစ္စာပစ္စည်းများတိုးပွားမည့်အစားဆုတ်ယုတ်သွားခြင်း

ယခုအချိန်၌ ကျွန်ုပ်တို့၏ညီအစ်ကိုများသည် သူတို့ကိုယ်ပိုင်ပစ္စည်းများကိုတိုးပွားအောင်မလုပ်ဘဲ လျှော့ပစ်ရပေမည်။



ကျွန်ုပ်တို့သည် သာ၍ကောင်းသောပြည်သို့ရွှေ့ပြောင်းရတော့မည်။ ကောင်းကင်နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မြေကြီးပေါ်၌နေထိုင်သောသူများမဖြစ်တန်ရာ။ သို့ဖြစ်၍ အရာခပ်သိမ်းကိုကျစ်လျစ်စွာထားကြစို့။

မည်သည့်အဖိုးနှင့်မျှမရောင်းချနိုင်သောအချိန်သည် ရောက်ရှိလာလိမ့်မည်။ သားရဲ၏တံဆိပ်မပါသောသူနှင့် အရောင်းအဝယ်မပြုလုပ်ရန် တားဆီးသောအချိန်သည် ရောက်လာလျက်ရှိသည်။ 5T 152.

## ဒုက္ခရောက်မည့်အချိန်အတွက်ပြင်ဆင်ခြင်း

ဒုက္ခရောက်သောအချိန်၌ အိမ်များနှင့်မြေယာများသည် သန့်ရှင်းသူများအဖို့အသုံးမဝင်တော့ပေ။ အကြောင်းမှာ သူတို့သည် ဒေါသထွက်နေသောလူအုပ်ရှေ့၌ပြေးကြရမည်။ ထိုအချိန်၌ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် သူတို့ပိုင်ပစ္စည်းဥစ္စာများကိုရောင်းချ၍ရမည်မဟုတ်။ ထို့ကဲ့သို့ဒုက္ခဆင်းရဲခြင်းအချိန်မရောက်မီ သန့်ရှင်းသူများသည် အဆီးအတားဖြစ်သောဝန်ထုပ်များမှဖြတ်တောက်ပစ်၍ အနစ်နာခံခြင်းဖြင့် ဘုရားသခင်နှင့်

ပဋိညာဉ်ပြုရမည်အကြောင်း ကျွန်ုပ်အားပြသည်။ သူတို့သည် မိမိတို့၏ပစ္စည်းများကို ယဇ်ပလ္လင်ပေါ်၌တင်ထား၍ ဘုရားသခင်အား စိတ်စေတနာထက်သန်စွာ မည်သည့်တာဝန်ရှိကြောင်းကိုမေးမြန်းပါက ကိုယ်တော်သည် မည်သည့်အချိန်၌ ဤပစ္စည်းများကိုရောင်းချပစ်ရမည်အကြောင်း သွန်သင်လိမ့်မည်။ ထိုနောက် သူတို့သည် ဒုက္ခရောက်ချိန်၌ လွတ်လပ်နေ၍ ဆီးတားသော အရာများကင်းရှင်းနေလိမ့်မည်။

အကယ်၍ သူတို့သည် မိမိတို့၏ပစ္စည်းများကိုလက်မလွှတ်၊ လုပ်ဆောင်ရမည့်တာဝန်ကို ဘုရားသခင်အထံတော်၌ မမေးမြန်းပါက ကိုယ်တော်သည် သူတို့၏တာဝန်အလုပ်ကို မဖော်ပြသောကြောင့် သူတို့သည် မိမိတို့၏ပစ္စည်းများကို သိမ်းဆည်းထားကြလိမ့်မည်။ ဒုက္ခရောက်သောအချိန်၌ ဤအရာများသည် သူတို့ရှေ့၌တောင်ကြီးသဖွယ်တက်လာ၍ သူတို့ကို ပိပြားကြေမွသွားစေလိမ့်မည်။ ရောင်းချလိုသော်လည်း ရောင်းချ၍မရတော့ပေ။ အချို့သောသူများသည် အောက်ပါအတိုင်းညည်းညူသည်ကို ကျွန်ုပ်ကြားရသည်။ ဘုရားသခင်၏အမှုတော်သည် အားလျော့နေးကွေးလျက်ရှိသည်။ ဘုရားသခင်၏လူများသည် သမ္မာတရားကိုငတ်မွတ်လျက်နေကြသည်။ လိုအပ်သောအရာကို



ပေးလှူရန် ကျွန်ုပ်တို့၌ကြိုးစားခြင်းမရှိခဲ့။ ယခုအချိန်၌ ကျွန်ုပ်တို့၏ပစ္စည်းသည် အသုံးမဝင်တော့ပေ။ အကယ်၍သာ စောစောအချိန်ကရောင်းချလိုက်ပါက ကောင်းကင်နိုင်ငံဘဏ္ဍာတိုက်၌ စုထားခြင်းရှိလိမ့်မည်။

အနစ်နာခံခြင်းတစ်ခုသည် တိုးပွားခြင်းမရှိဘဲ ဆုတ်ယုတ်သွား၍ မှိန်းလောင်သွားခဲ့သည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ဘုရားသခင်၏သားသမီးများသည် သူတို့၏ပစ္စည်းများကို တစ်ချိန်တည်း၌ရောင်းချလိုက်ဖို့ရန် ဘုရားသခင်အလိုတော်မရှိကြောင်း ကျွန်ုပ်တွေ့ရပြန်သည်။ သို့သော်လည်း သူတို့သည် သင်ကြားခံယူဖို့ရန် အလိုဆန္ဒရှိပါက ကိုယ်တော်သည် သူတို့ကို မည်သည့်အချိန်၌ မည်ကဲ့သို့လုပ်ကိုင်ရမည်ကို သွန်သင်ပေးလိမ့်မည်။ ခရစ်တော်ကြွလာတော်မူမည့်ကိစ္စနှင့်ပတ်သက်၍ ယခင်အချိန်က တချို့တို့သည် မိမိတို့၏ပစ္စည်းများကိုရောင်းချရန် ပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း အချို့တို့သည် လိုအပ်သည့်အချိန်တိုင်အောင် သိမ်းဆည်းထားဖို့ရန် အခွင့်ပြုခဲ့သည်။ အကျိုးအကြောင်းပေါ်လာသောအခါ သူတို့၏တာဝန်သည် ရောင်းချလိုက်ရန်ဖြစ်သည်။ EW 56, 57.

## မြေကြီးနှင့်ချည်နှောင်ထားရန်ကြိုးမရှိ

ဘုရားသခင်၏အမှုတော်သည် ပို၍ကျယ်ဝန်းလာရမည်။ ကိုယ်တော်၏လူများသည် ကိုယ်တော်၏အကြံပေးခြင်းကို နားထောင်ခဲ့လျှင် နောက်ဆုံးမီးလောင်သောအခါ လောင်ကျွမ်းနိုင်ဖို့ရန် သူတို့လက်ထဲ၌ ဥစ္စာပစ္စည်းများစွာရှိမည်မဟုတ်။ သံချေးပိုးရွတို့မဖျက်ဆီးနိုင်သောနေရာ၌ သူတို့၏ဘဏ္ဍာကို သိုမှီးထားကြပြီ။ စိတ်နှလုံး၌ မြေကြီးနှင့်ချည်နှောင်ထားဖို့ရန် ကြိုးမရှိတော့ပေ။ 1T 197.

–၀–